မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးနိုင်ငံ ဒုတိယသမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ရောက်ရှိစဉ် ဇွန် ၂၁ ရက် နံနက် ၁၀ နာရီတွင် Riocentro အဆောက်အအုံ Pavilion 5 ရှိ ဧည့်ခန်းမ၌ ဘရာဇီးနိုင်ငံ ဒုတိယသမ္မတ Mr.Michel Temer အား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရီယိုဒီဂျနေးရိုးမြို့ Riocentro အဆောက်အအုံ Pavilion 5 ရှိ ဧည့်ခန်းမ၌ ဘရာဇီးနိုင်ငံ ဒုတိယသမ္မတ Mr. Michel Temer အား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထစ်ချုန်းမိုး — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရီယိုဒီဂျနေးရိုးမြို့ Riocentro အဆောက်အအုံ Pavilion 5 ရှိ ဧည့်ခန်းမ၌ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Erkki Tuoniga Tuomiosa အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ရောက်ရှိစဉ် ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် Riocentro အဆောက်အအုံ Pavilion 5 ရှိ ဧည့်ခန်းမ၌ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Erkki Tuoniga Tuomiosa အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ပြည်တွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အခြားကိစ္စရပ်များတွင် ဖင်လန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးလိုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

တရုတ်အာကာသယာဉ် ရှန်ကျိုး -၉ မြေပြင်သို့ ပြန်လည်ဆင်းသက် စာ ၄

ယနေ့ အခြေခံစားသောက်ကုန် ဈေးကွက် စာ-၃

မူရင်းဈေးဖြင့်ရောင်းချသောထီဆိုင် ဇူလိုင် ၂ ရက်နေ့ဖွင့်မည် အဆိုပါဆိုင်များ နေရာအနှံ့ဖွင့်ပေးရန် ထီထိုးသူများဆန္ဒရှိ

ခင်ရတနာ ရေးသားသည်

ရန်ကုန် ဇွန် ၂၀

ထီတစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲမှ ဆိုင်ဖွင့်ကာ ရောင်းချပေးမည်ဆိုခြင်းကြောင့် ပုဂ္ဂလိကထီဆိုင်များ ဈေးနှုန်းများလည်း ကျဆင်းလာနိုင်ဖွယ်ရှိနေကြောင်း ထီလုပ်ငန်းရှင်အသိုင်းအဝိုင်းက ပြောနေကြသည်။

"ပုဇွန်တောင်မြို့နယ်မှာ ရောင်းချပေးသွားမယ့်ဌာနက ထီဆိုင်မှာ ဌာနကဝန်ထမ်းတွေ ရုံးချိန်အတွင်းမှာ *စာမျက်နှာ ၃ ကော်လံ ၄* *



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်)

ဘောလုံးကစားသည့်နှယ် . . .

ဘောလုံးကစားသည်ဆိုရာဝယ် နိုင်ခြင်း၊ ရှုံးခြင်းနှင့် သရေဟူ၍ သုံးမျိုးမှအပ အခြားမရှိပါ။ ဘောလုံးပွဲတစ်ပွဲသည် နိုင်ချင်နိုင်မည်၊ ရှုံးချင်ရှုံးမည်။ သို့တည်းမဟုတ် သရေဖြစ်ချင်လည်း ဖြစ်မည်။ မည်သို့ပင်ရှိစေကာမူ ဘောလုံးသမားတိုင်း၏ စိတ်ဓာတ်သည် ပြိုင်ပွဲတိုင်းအနိုင်ရရှိရမည်ဟူသော စိတ်ဓာတ်ဖြင့်သာ ယှဉ်ပြိုင်ကစားလေ့ရှိကြသည်။ မည်သည့်ဘောလုံးသမားမျှ ထိုပွဲ၊ ဤပွဲသည် ငါတို့အဖို့ ရှုံးလိမ့်မည်၊ နိုင်ဖို့မရှိ၊ ရှုံးကိုရှုံးရမည်ဟူ၍ စိတ်ဓာတ်မျိုးဖြင့် ယှဉ်ပြိုင်ကစားလေ့မရှိကြပါ။ နိုင်စိတ်ဖြင့်သာ ယှဉ်ပြိုင်ကြလေ့ရှိပါသည်။ ဤသည်ကို အောင်စိတ်ဟူ၍လည်း ဆိုကြသည်။

ဘောလုံးကစားသည်ဆိုရာ၌ ယခုတစ်ကြိမ်ရှုံးနိမ့်သွား၍ နောက်တစ်ကြိမ်ပြိုင်ပွဲတွင်လည်း ရှုံးနိုင်မည်ဟု စိတ်ပျက်အားလျော့ကစားကြလေ့မရှိပါ။ ဒီတစ်ပွဲမနိုင်လျှင် နောက်တစ်ပွဲ နိုင်ကိုနိုင်ရမည်ဟူသော စိတ်ဖြင့်သာ ယှဉ်ပြိုင်ကြပါသည်။ အချို့ဘောလုံးပြိုင်ပွဲများတွင် တစ်ဖက်အသင်း၏ ဂိုးသွင်းခြင်းကို ခံထားရစေကာမူ ငါတို့အသင်းတော့ ရှုံးပါပြီဟူ၍ စိတ်ပျက်လက်လျှော့ကစားခြင်းမရှိဘဲ နောက်ဆုံးအချိန်၊ နောက်ဆုံးမိနစ်အထိ ကျားကုတ်ကျားခဲကစားသဖြင့် အဆုံး၌ ချေပဂိုးများသွင်းပြီး အနိုင်ရသည့်ပြိုင်ပွဲများစွာကိုလည်း ကြည့်ရှုဖူးကြပေလိမ့်မည်။ ဤသည်မှာ အနိုင်မခံအရှုံးမပေးသော အားကစားစိတ်ဓာတ်ပင်ဖြစ်၏။

ဘောလုံးသမားများကဲ့သို့ပင် လူအများသည်လည်း ကစားနေကြ၏။ လူတိုင်းသည် လောကဘောလုံးပြိုင်ပွဲထဲက ဘဝအားကစားသမားများသာဖြစ်၏။ အားလုံးသည် ဘဝအတွက် ပြိုင်ပွဲဝင်ကစားနေကြ၏။ စီးပွားရေး ကြီးပွားရေးအတွက် ကစားသည်၊ သားရေးသမီးရေးအတွက် ကစားသည်၊ အများအကျိုးစီးပွားအတွက် ကစားသည်၊ မိမိဘဝအတွက် ကစားသည် စသည်ဖြင့် ရည်ရွယ်ချက်၊ ခံယူချက်အမျိုးမျိုးထားရှိကာ ကစားနေကြသည်။ ဤသို့ကစားကြရာတွင် အောင်ပွဲဆင်နိုင်သူများရှိသလို ကျရှုံးသူများလည်းရှိ၏။

ဘောလုံးသမားများသည် ယခုတစ်ပွဲရှုံးနိမ့်၍ နောက်တစ်ပွဲတွင်လည်း ရှုံးနိမ့်လိမ့်မည်ဟု သဘောမပိုက်သကဲ့သို့ မိမိတို့သည်လည်း ကြိုးစား၍ အောင်မြင်မှုမရသည့်အခါ စိတ်ပျက်လက်လျှော့ မနေအပ်ပေ။ တစ်ကြိမ်ကြိုးစား၍မရလျှင် နှစ်ကြိမ်ကြိုးစားမည်။ နှစ်ကြိမ်ကြိုးစား၍မရလျှင် သုံးကြိမ် လေးကြိမ် စသည်ဖြင့် အောင်မြင်မှုမရမချင်း ကြိုးစားအားထုတ်သင့်၏။ မဟာသမုဒ္ဒရာကို ဖြတ်ကူးသော ဇနကမင်းသား၏ထုံးကို နှလုံးမူလျက် မလျှော့သောဇွဲဖြင့် လုံ့လပြု ကြိုးစားအားထုတ်သင့်ပေသည်။

သို့သော် လူအချို့သည် လောကဓံနှင့်ကြုံရသည့်အခါ စိုးရိမ်ပူပန်ခြင်း၊ စိတ်ပျက်အားလျှော့ခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းတို့ဖြစ်တတ်ကြပြီး ရှေ့ဆက်လုပ်ရမည့် အလုပ်ကိစ္စတို့အတွက် တွေဝေငေးမောနေတတ်ကြသည်။ အမှန်အားဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဟူသော စကားကဲ့သို့ပင် အလုပ်တစ်ခုကိုလုပ်ပြီဆိုလျှင် နောက်မဆုတ်စတမ်း အောင်မြင်မှုရသည်အထိ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ထားရှိကာ မဆုတ်မနစ်ကြိုးစားအားထုတ်ကြရ၏။ ဘောလုံးသမားများသည် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ မလျှော့သောဇွဲဖြင့် ယှဉ်ပြိုင်ကစားကြသကဲ့သို့ လူတိုင်းသည် နောက်ဆုံးအခြေအနေ၊ နောက်ဆုံးအနေအထားအထိ ကြိုးစားအားထုတ်သင့်၏။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် မည်သည့်အလုပ်၊ မည်သည့်ကြိုးစားအားထုတ်မှု ဖြစ်ပါစေ တစ်ကြိမ် ရှုံးနိမ့်ကာမျှဖြင့် လက်မြှောက်အရှုံးမပေးသင့်ပေ။ ဘောလုံးသမားများ ဘောလုံးကစားသကဲ့သို့ အကြိမ်ကြိမ် ထပ်မံ၍ ရေကုန်ရေခန်း ကြိုးစားအားထုတ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး တောင်ကုတ်၌ သစ်ပင်များစုပေါင်းစိုက်ပျိုး

တောင်ကုတ် ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနယ်နယ်အရပ်ရပ်တွင် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိသည်။ တောင်ကုတ်မြို့တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူး၍ ဇွန် ၂၃ ရက် နံနက် ၉ နာရီက ဝက်ကျိတ်ဆည် ရေဝေရေလဲ ဇရိယာ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့်ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းစိန်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးသန်းဆွေ(၁)နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝေဝေလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အရိပ်ရ သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထိုနေ့က စိုက်ပျိုးခဲ့သော သစ်ပင်များမှာ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၁၅၀၊ မဲဇလီပင် ၅၀၊ ရေသင်းဝင်ပင် ၁၅၀နှင့် ယမနေပင် ၅၀ စုစုပေါင်းပျိုးပင် ၅၀၀ **(အောက်ပုံ)** ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တာမွေ၌ ဟောပြော

ရန်ကုန် ဇွန် ၃၀

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က အထက (၁) တာမွေ ကျောင်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဖတ်ကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌဦးသာထွန်း(နိုင်ငံတကာဆက်ဆံရေး)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်စိုးဝင်းနှင့် ကျန်းမာရေးဦးစီးဌာနမှကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာခင်စန်းလွင်တို့က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောကြပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီးနောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌဦးလှဝင်းက ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ (ဝ၄၄)

ချေးငွေကျပ်သိန်း ၄၁၀ ကြာအင်းဆိပ်ကြီး၌ထုတ်ချေး

ကြာအင်းဆိပ်ကြီး ဇွန် ၃၀

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် မိုးစပါးချေးငွေ ထုတ်ချေးခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါဘဏ်ခွဲရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးဝင်းကအမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာ ဦးမျိုးအောင်က ကြာအင်းကြီးကျေးရွာအုပ်စုသို့ တစ်ဧကလျှင် ချေးငွေကျပ်ငါးသောင်းနှုန်းဖြင့် တောင်သူ ၁၄၄ ဦး၏စိုက်ဧက ၈၂၀ အတွက် ချေးငွေကျပ်သိန်း ၄၁၀ ကို တောင်သူတစ်ဦးချင်းသို့ ထုတ်ချေးပေးခဲ့သည်။ယခု ဘဏ္ဍာရေးနှစ်တွင် ချေးငွေကျပ် ၃၂၀၆ ဒသမ ၄ သိန်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝန်ထမ်းများ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ရွှေဘုံသာလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် လဝက)**

ဒေးဒရဲမြို့နယ်၌ ပညာရည်ချွန်ဆုပေး

ဒေးဒရဲ ဇွန် ၃၀

ဖျာပုံခရိုင် ဒေးဒရဲမြို့တွင် မြို့နယ်အောင်ချက်မြင့်မားရေး ကော်မတီနှင့် ကျောင်းသားဟောင်းများ ပညာရေးအထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းပြီး တေရသမအကြိမ်အဖြစ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ချို့တဲ့ကျောင်းသားများအား ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံးကျောင်းဆုနှင့် အသက် ၇၀ အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

မိုင်းဖြတ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မိုင်းဖြတ် ဇွန် ၃၀

မိုင်းဖြတ်ခရိုင် မိုင်းဖြတ်မြို့နယ်၏ ၂၀၁၂ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက်ရှိ မြေနေရာ၌ ကျင်းပသည်။

စိုက်ပျိုးခဲ့

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကိုလေးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းတို့က တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များဖြန့်ဝေပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင်၊ ယူကလစ်ပင်နှင့်မဲဇလီပင် စုစုပေါင်းအပင် ၁၀၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပြသ

ကျောက်ဆည် ဇွန် ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၌ ပုလဲသွယ် စပ်မျိုးစပါးများ စိုက်ပျိုးထားရာ အောင်မြင်လျက်ရှိသည်။ ထိုသို့အောင်မြင်နေသော စပါးစံကွက်များအနက်မှ စိုက်ပျိုးထားသော တောင်သူပညာပေး၂၅ဧကတွင် စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းခြင်း အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးသုတေသန ခြံတာဝန်ခံဒေါ်စန်းစန်းက ပုလဲသွယ်စပ်မျိုးစပါးသိပ္ပံနည်းကျစိုက်နည်းစနစ်နှင့်လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို တက်ရောက်လာသည့် တောင်သူများအား အသိပညာပေးရှင်းလင်းပြောကြားသည်။ စပါးရိတ်သိမ်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့်ကျေးရွာအုပ်စု ၁၅အုပ်စုမှ တောင်သူများ တက်ရောက်လေ့လာကြည့်ရှုကြသည်။ အဆိုပါ စံကွက်မှ ပုလဲသွယ်စပ်မျိုးစပါးမှာ တစ်ဧကအထွက်နှုန်း ၁၈၇ ဒသမ ၃၄ တင်းထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၄၁၀)**

မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို ရေစကြိုမှ ရှစ်အိမ်တန်းရွာ ပြောင်းရွှေ့နေရ

ရေစကြို ဇွန် ၃၀

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အတွင်း၌ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ရေသည် မြစ်ရေတက်ချိန်ဖြစ်သောကြောင့် မြစ်နှင့်နီးရာ ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် ရေစကြိုမြို့နယ် ညောင်တော ကျေးရွာအုပ်စု ရှစ်အိမ်တန်းကျေးရွာ၏ ဘေး ရေလက်ကြားအတိုင်း မြစ်ရေများဝင်ရောက်လာမှုကြောင့် ရေတိုက်စား၍ **(အောက်ပုံ)**ကမ်းပါးများ ပြိုကျလျက်ရှိသည်။ ကမ်းပါးယံရှိ ရေတိုက်စားမှုအန္တရာယ်ကျရောက်တော့မည့် လူနေအိမ် ၁၃ လုံးကို ဇွန် ၂၆ ရက်မှ စ၍ ဖျက်ကာ အချို့ကို ရေဘေးကင်းလွတ်ရာနေရာ၌ ပြန်လည်တည်ဆောက်ပြီး အချို့ကို စုပုံထားရသည်ကို တွေ့ရသည်။ နောက်ထပ်အိမ်အလုံး ၂၀ ခန့်ကိုလည်း ထပ်မံဖျက်၍ ဘေးကင်းရာသို့ ရွှေ့ကြရဦးမည်ဖြစ်ကြောင်း ရှစ်အိမ်တန်းရွာသား ဦးကျော်စိန်က ပြောကြားခဲ့သည်။



ရှစ်အိမ်တန်းကျေးရွာသည် အိမ်ခြေ ၂၀၀ခန့်ရှိ၍ အိမ်ထောင်စု ၂၇၃စုရှိသည်ဟု သိရှိရသည်။ ၁၉၉၇ ခုနှစ်မှစ၍ ကမ်းပါးများပြိုကျလာရာ ယခုအခါ ရွာမြေဧရိယာမှာ အနည်းငယ်သာ ကျန်တော့ကြောင်း၊ ဖျက်ပြီးစုပုံထားရသော အိမ်များကို ပြန်လည်တည်ဆောက်နိုင်ရန်မှာ မြေနေရာမရှိ၍ အခက်အခဲတွေ့နေရကြောင်း သိရသည်။ ရေကတက်၊ ကမ်းကပြို နေစရာ အိမ်ကမရှိဖြစ်၍ ရှစ်အိမ်တန်း ကျေးရွာရှိ အချို့မိသားစုများ ရေဘေးဒုက္ခ ကြုံတွေ့နေရကြောင်း သိရှိရသည်။ **အိမွန်ဆွေ**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

အလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ်ရရှိသော အချက်အလက်များ၊ အကြံဉာဏ်များ၊ နည်းပညာများအပေါ်အခြေခံ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဓမ္မစေတီခေါင်းလောင်းရှာဖွေဆယ်ယူရေးလုပ်ငန်း ဆောင်ရွက်သွားမည်

ရန်ကုန် ဇွန် ၃၀

သမိုင်းအမွေအနှစ်ဖြစ်သော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua၊ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ စင်ကာပူနိုင်ငံ SD Mark International LLP ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်စာတမ်းရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ညွှန့်က ဆောင်ရွက်ပြီး မြန်မာသမိုင်းအဖွဲ့အဖွဲ့ဝင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က သမိုင်းအမွေအနှစ်ဖြစ်သော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရေးနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ SD Mark International LLP ကုမ္ပဏီမှ CEO Mr. Dean Lim က ရေအောက်ပစ္စည်းများ ဆယ်ယူမှုအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် သမိုင်းသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းကဆောင်ရွက်ပြီး မအူပင်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဒေါက်တာညိမ်းညိမ်းက "စာပေအထောက်အထားများနှင့် ပန်းအလွဲ့(ပါင်အလဲ) ဒေသ" စာတမ်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချာလီသန်းက "ရန်ကုန်မြစ်နှင့် ပဲခူးမြစ်ဆုံနေရာ၏ ရေစီးရေလာနှင့် ဖြစ်ပေါ်ပြောင်းလဲမှုများ လေ့လာဆန်းစစ်ခြင်း" စာတမ်း၊ Society of Myanmar Civil Engineers (Singapore) မှ ဦးနေမင်းဟိန်းက "Method Statement of Salvage of Dhammazedi Bell " စာတမ်း၊ ဒေါ်မော်မော် (လမင်းအိမ်-ပန်းမျိုးတစ်ရာ)က "Dhammazedi Bell and the Foreign Documentations" စာတမ်းနှင့် ဦးဌေးဝေ (ပျူသုတေသီ) က "ပန်းအလွဲ့မြစ်အတွင်း ရောက်ရှိနေသော ဓမ္မစေတီခေါင်းလောင်းကြီးနှင့် တည်နေရာ " စာတမ်းတို့ကို ဖတ်ကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲ တတိယပိုင်း အစီအစဉ်ကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဌာနမှ လက်ထောက်ကထိက ဒေါက်တာငြိမ်းဇင်လတ်နှင့် ကထိက ဦးမြင့်သိန်းတို့က "ဓမ္မစေတီခေါင်းလောင်းဟုယူဆနိုင်သောအရာ၏ တည်နေရာအား ခန့်မှန်းတင်ပြချက်" စာတမ်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သင်တန်းဌာနမှ လက်ထောက်မော်ကွန်းထိန်း ဒေါက်တာတင်မောင်ဦးက "ဓမ္မစေတီခေါင်းလောင်း နစ်မြုပ်စဉ်က သန်လျင်မြို့အခြေအနေ" စာတမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက "Assessment on Land use and Land cover change around Pazundaung Creek" စာတမ်းနှင့် ဦးနေထွန်း (Senior Engineer)က "ဓမ္မစေတီ ခေါင်းလောင်းကြီး၏တည်နေရာ အတိအကျကို ရှာဖွေနည်း" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက စာတမ်းများကို စုစည်းသုံးသပ်ပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည်။

အလုပ်ရုံ ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စာတမ်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ်ရရှိသောအချက်အလက်များ၊ အကြံဉာဏ်များ၊ နည်းပညာများအပေါ် အခြေခံ၍ လုပ်ငန်းတာဝန်များသတ်မှတ်ပြီး လိုအပ်သည့် ကော်မတီများဖွဲ့စည်းကာ ဓမ္မစေတီခေါင်းလောင်းရှာဖွေဆယ်ယူရေးလုပ်ငန်းအား ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမိုင်းအမွေအနှစ် ဖြစ်သော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများ၊ စာတမ်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

❒ *ကျော့ဖုံးမှ*

အဆိုပါလျှင်လှုပ်မှုကြောင့် ၃၅ ဦး ဒဏ်ရာရရှိပြီး နေအိမ်ပေါင်း ၁၀၄လုံး ပြိုကျကာ အခြားအိမ်အရေအတွက် ၄၇၃၅လုံးမှာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ ယင်းငလျင်ဒဏ်ကို ဒေသခံပြည်သူ ၆၄၅၀၀ကျော်တို့ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရသည်။

မြေငလျင်ကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ မော်တော်ကားလမ်းများပေါ်သို့ မြေကြီးများကျဆင်းခဲ့သဖြင့် အဝေးပြေးလမ်းမကြီး ပိတ်ဆို့ကာ ကားအစီးရေ ၂၁၇စီးခန့်သွားလာမရဘဲ ပိတ်မိနေလျက်ရှိသည်။ ထိုသို့နေအိမ်များ ပြိုကျမှုကြောင့် ၎င်းဒေသတွင် အရေးပေါ်အဆင့်(၃)အဖြစ်သတ်မှတ်ကာ သတိပေးချက်ထုတ်ပြန်ထားသည်။

တရုတ်မြို့ပြရေးရာ ဝန်ကြီးဌာနက ငလျင်ဒဏ်ကြုံတွေ့နေရသူ ဒေသခံများအား ရွက်ဖျင်တဲ ၂၅၀၀နှင့် ကယ်ဆယ်ရေး အသုံးအဆောင်ပစ္စည်းများ ပေးပို့ထားကြောင်းနှင့်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

စာရေးဆရာအသင်း ညီလာခံ တောင်ငူ၌ အတွေ့အကြုံ ရှင်း

တောင်ငူ ဇွန် ၃၀

တောင်ငူမြို့နယ် စာရေးဆရာအသင်းမှ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမအကြိမ် ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပရာ သဘာပတိ အသင်းနာယက ဦးကျော်လှ (သတင်းစာဆရာ)က အဖွင့်အမှာစကားပြောကြားပြီးနောက် ဆက်လက်၍ တောင်ငူမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအေးရွှေ(အေးရွှေ-ကေတုမတီ) က မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမအကြိမ်ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၃၆)**

အင်းစိန်မြို့နယ်၌ ကျန်းမာရေးအသိပညာပေး

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် တီဘီဆေးရုံကြီး၌ ဇွန် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမှာစကားပြောကြားပြီးနောက်ဒေါက်တာခင်အေးမြင့်က ကျန်းမာရေးအသိပညာနှင့်တီဘီရောဂါအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူငွေနှင့်အာဟာရပစ္စည်းများပေးအပ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့က လှူဒါန်းငွေကျပ်နှစ်သိန်းပေးအပ်သဖြင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန္တာမွန်းက လက်ခံယူသည်။ **(အပေါ်ပုံ)** ထို့နောက် လူနာများကို တန်ဖိုးငွေကျပ် ၃၂၀၀၀၀ ရှိ အားဖြည့်အာဟာရပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

မြန်မာ့အလင်း ၃၀-၆-၂၀၁၂ ယနေ့အခြေခံစားသောက်ကုန်ဈေးကွက်

ဈေးသတင်းမှတ်စု (အဝယ်တော်-ဖိုးထော်)

ယနေ့ အခြေခံစားသောက်ကုန်ဈေးကွက်ကို အိမ်ရှင်မတိုင်း စိတ်ဝင်စားကြမည်ဖြစ်သည်။ အဝယ်တော်ဖိုးထော် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံမြို့နယ်များအတွင်းရှိ ဈေးများသို့ အဝယ်တောက်ခရီးအဖြစ် ရောက်ရှိခဲ့သည်။ အဆိုပါဈေးများမှ ကုန်စည်ဈေးနှုန်းအချို့ကို အခြေခံ၍ ဇွန် ၃၀ ရက် အခြေခံစားသောက်ကုန်ဈေးကွက်အခြေအနေကို ရေးသားလိုက်ရပါသည်-

ကုန်ပစ္စည်း	တစ်ပြည်နှုန်း (ကျပ်)	တစ်အိတ်နှုန်း (ကျပ်)
ဆန်		
ဧယာ(ရိုးရိုး)	၆၀၀	၁၄၄၀၀
ဧယာ(ရှယ်)	၆၅၀	၁၅၆၀၀
ဖျာပုံပေါ်ဆန်း(ရိုးရိုး)	၁၀၀၀	၂၃၈၀၀
ဖျာပုံပေါ်ဆန်း(ရှယ်)	၁၂၀၀	၂၈၅၀၀
ရွှေဘိုပေါ်ဆန်း	၁၆၀၀	၃၈၀၀၀
ပေါ်ကျွဲ(ရိုးရိုး)	၇၀၀	၁၆၅၀၀
ပေါ်ကျွဲ(ရှယ်)	၈၀၀	၁၉၀၀၀
မနောသုခ(ရိုးရိုး)	၆၅၀	၁၅၅၀၀
မနောသုခ(ရှယ်)	၈၀၀	၁၉၀၀၀
ကောက်ညှင်း	၉၀၀	၂၁၅၀၀

ဆီ	ပိဿာ	ကျပ်
ပဲဆီ(ရိုးရိုး)	တစ်ပိဿာ	၂၈၀၀
ပဲဆီ(ရှယ်)	။	၃၈၀၀
စားအုန်းဆီ	။	၁၇၅၀
အမေထွားပဲဆီ	တစ်ပိဿာ(ပုံး)	၄၇၀၀
ရန်ကုန်ပဲဆီ	။	၄၇၀၀
ရွှေပဲဆီ	။	၄၇၀၀
ရောဝတီပဲဆီ	။	၄၇၅၀

ပဲ	ပိဿာ	ကျပ်
ကုလားပဲခြမ်း	တစ်ပိဿာ	၁၅၀၀
ပဲနီလေး	။	၂၀၀၀
ပဲဝါလေး	။	၁၆၀၀
ပဲစင်းငုံ	။	၂၅၀၀

ကြက်သွန်နီ	ပိဿာ	ကျပ်
အလုံးအကြီး	တစ်ပိဿာ	၈၀၀
အလုံးအလတ်	။	၇၀၀
အလုံးအသေး	။	၆၀၀

ကြက်သွန်ဖြူ	ပိဿာ	ကျပ်
ကြူကုတ်	တစ်ပိဿာ	၂၅၀၀
ရှမ်း	။	၁၅၀၀

အာလူး	ပိဿာ	ကျပ်
အလုံးအကြီး	တစ်ပိဿာ	၁၀၀၀
အလုံးအသေး	။	၈၅၀
ကြက်ဥ	တစ်လုံး	၉၀
ဘဲဥ	။	၁၀၀

* *ရွှေဖုံးမှ*

ရောင်းပေးမှာပါ။ ပြည်သူတွေ သက်သက်သာသာနဲ့ ထီထိုးနိုင်အောင် စီစဉ်ပေးထားပါတယ်။ လာမယ့် ဇူလိုင် ၂ ရက်ကနေစတင်ပြီး ရောင်းချပေးသွားဖို့ ရှိပါတယ်" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထီဆိုင်များမှာ မိုးတွင်းကာလအတွင်း အရောင်းပါးတတ်ခြင်းကြောင့် ပြင်ပထီဈေးကွက်အတွင်း ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး ထီဆိုင်ကြီးများတွင် ထီတစ်စောင်လျှင် ငွေကျပ် ၂၅၀ ဝန်းကျင်သာရှိကြောင်း ထီဆိုင်များမှ သိရှိရသည်။

"အခု ဌာနက ဖွင့်မယ့်ထီဆိုင်က ပုဇွန်တောင်ဆိုတော့ အဲဒီအနီးအနားက လူတွေအတွက်တော့ အဆင်ပြေနိုင်ပါတယ်။ ဒါပေမယ့် အောင်ဘာလေသိန်းဆုဌာနအနေနဲ့ အများပြည်သူတွေ အမှန်တကယ် သက်သာစေချင်ရင် မြို့နယ်တိုင်းမှာ တစ်ဆိုင်စီ ဖွင့်ပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေနိုင်မှာပါ။ နယ်တွေမှာလည်း မူရင်းဈေးအတိုင်း ဆက်သွယ်ရေးရုံးတို့၊ စာတိုက်တို့မှာ ထီတွေရောင်းပေးနိုင်မယ်ဆိုရင် ထီထိုးသူဦးရေလည်း တိုးပွားလာနိုင်ပါတယ်" ဟု ထီဆိုင်တစ်ဆိုင်မှ တာဝန်ခံက သူ့အမြင်ကို ပြောကြားသည်။

လက်ရှိထီဈေးကွက်အခြေအနေကို မေးမြန်းကြည့်ရာ "ထီထိုးသူကတော့ ပုံမှန်ပါပဲ။ ထီကို အများဆုံးထိုးကြတာကလည်း ရန်ကုန်နဲ့ မန္တလေးလောက်ပဲရှိတာပါ။ အများစုကတော့ နာမည်ကြီး ထီဆိုင်တွေမှာပဲ ထိုးချင်ကြတယ်။ အစိုးရပင်ရင်းဈေးထီဆိုင်ပေါ်လာတာနဲ့ ပုဂ္ဂလိကထီဆိုင်တွေရဲ့ ဈေးကွက်ကိုတော့ လက်ရှိမှာ ထိခိုက်မှုရှိမှာ မဟုတ်ပါဘူး။ တချို့ ပုဂ္ဂလိကထီဆိုင်ကြီးတွေဆိုရင်လည်း အရောင်းပါးတဲ့လတွေဆိုရင် မူရင်းဈေးနှုန်းအတိုင်း ရောင်းချပေးတာမျိုးတွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူတွေသက်သက်သာသာနဲ့ ထီထိုးလာနိုင်မှာဖြစ်လို့ ကြိုဆိုပါတယ်" ဟု ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ မူရင်းဈေးနှုန်းဖြင့် ရောင်းချပေးမည့် ထီဆိုင်ကို လာမည့် ဇူလိုင် ၂ ရက်တွင် စတင်ဖွင့်လှစ်ရောင်းချမည်ဖြစ်ရာ ထီထိုးသူအများစုကမူ လူစည်ကားသည့် မြို့တွင်းနေရာများနှင့်အခြားနေရာများ၌လည်း အဆိုပါ ထီဆိုင်များ ဆက်လက်ဖွင့်လှစ်နိုင်ရန်အတွက် စဉ်းစားပေးစေလိုကြောင်း ပြောကြားခဲ့ကြသည်။

တရုတ်နိုင်ငံ၌ ခရီးသည်တင်လေယာဉ် အပိုင်စီးမှုဖြစ်ပွား

ယူရမ်ကျီ ဇွန် ၃၀

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော စင်ကျန်းယူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇွန် ၂၉ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်းကို အပိုင်စီးရန်ကြိုးစားမှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော်လေယာဉ်ပေါ်၌လိုက်ပါလာသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ခရီးသည်အချို့ ပူးပေါင်းတိုက်ခိုက်မှုကြောင့် လေယာဉ်အပိုင်စီးမှု မအောင်မြင်ခဲ့ကြောင်း ယင်းဒေသမှရဲတပ်ဖွဲ့က ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားမှုမှာ ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၁၀၀ ကျော်တင်ဆောင်ကာ စင်ကျန်းယူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုတန်လေဆိပ်မှ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်က ထွက်ခွာပျံသန်းလာသော လေယာဉ် **(အပေါ်ပုံ)**သည် ၄င်းဒေသ၏မြို့တော် ယူရမ်ကျီမြို့လေဆိပ်သို့ရောက်ရှိရန် ကီလိုမီတာ ၁၄၀၀ခန့်အကွာ ဝေဟင်၌ လေယာဉ်ပေါ်လိုက်ပါလာသော ခရီးသည်အမျိုးသားခြောက်ဦးက အပိုင်စီးရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

ထိုသို့လေယာဉ်အပိုင်စီးခံရသည်နှင့် လေယာဉ်ပေါ်လိုက်ပါလာသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးက အပိုင်စီးရန်ကြိုးစားသည့် ၄င်းအမျိုးသားခြောက်ဦးကို တိုက်ခိုက်ခဲ့ရာ လေယာဉ်ခရီးသည်ခုနစ်ဦးကလည်း ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် အပိုင်စီးရန်ကြိုးစားသူများကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် လေယာဉ်မှူးက ဟိုတန်လေဆိပ်သို့ လေယာဉ်ကို ပြန်လည်မောင်းနှင်ခဲ့သည်။ ဟိုတန်လေဆိပ်သို့ရောက်သည်နှင့် လေယာဉ်အပိုင်စီးရန် ကြိုးစားသည့် အမျိုးသားခြောက်ဦးကို ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။ လေယာဉ်အပိုင်စီးမှုနှင့်ပတ်သက်ပြီး စစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

လေယာဉ်ပေါ်၌ အပိုင်စီးသူများနှင့်တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့်ခရီးသည်ခုနစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီရရှိခဲ့ကြသည်။ တရုတ်မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့က သတ္တိရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အဆိုပါရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ခရီးသည်ခုနစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ခဲ့သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံက HTV-3 ဂြိုဟ်တုလွှတ်တင်မည်

တိုကျို ဇွန် ၃၀

ဂျပန်အာကာသအေဂျင်စီ(ဂျာဆာ)က HTV-3 အမည်ရှိဂြိုဟ်တုကို လာမည့်ဇူလိုင် ၂၁ ရက်တွင် အာကာသသို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း ဂျာဆာက ဇွန် ၃၀ ရက်၌သတင်းထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တုကို H-2 အမည်ရှိဒုံးပျံဖြင့် သယ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်းတွင် ချိတ်ဆက်ရန်အတွက် အရွယ်အစားသေးငယ်သော ဂြိုဟ်တုငါးလုံးကိုလည်း တစ်ပြိုင်တည်းသယ်ဆောင်သွားမည်ဖြစ်သည်။ နိုင်ငံတကာအာကာသစခန်းတွင် အခြားအာကာသယာဉ်မှူးများနှင့်အတူ ရောက်ရှိနေသော ဂျပန်အာကာသယာဉ်မှူး အကီဟီဒိုဟိုရှီဒီသည် နိုင်ငံတကာအာကာသယာဉ်စခန်းတွင် စက်ရုပ်လက်တံတစ်ခုကိုအသုံးပြုပြီး လိုအပ်သည့်ပြင်ဆင်မှုများကို ပထမဆုံးအနေဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံ အီဘာရာကီ စီရင်စု ဆူကူဘာမြို့ရှိ ဆူကူဘာအာကာသစင်တာ၌ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သယ်ဆောင်သွားမည့် ဂြိုဟ်တုလေးများကို ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ယခုသယ်ယူသွားမည့် ဂြိုဟ်တုငါးလုံးအနက် ဂြိုဟ်တုသုံးလုံးကို ဂျပန်နိုင်ငံက ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကျန်ဂြိုဟ်တုနှစ်လုံးကို နာဆာကထုတ်လုပ်ပေးထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံက ပြုလုပ်ထားသည့်ဂြိုဟ်တုသုံးလုံးအနက် ဖစ်ဆက်-၁ ဂြိုဟ်တုမှာ ဂျပန်နိုင်ငံ ဖူကူအိုကာနည်းပညာသိပ္ပံမှ ပါမောက္ခတာကူရှီတာနာကာ ဦးဆောင်သည့်အဖွဲ့က ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တုသည် သတင်းအချက်အလက်နှင့်ဓာတ်ပုံများလျင်မြန်စွာ ဆက်သွယ်ပေးပို့ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေလွှမ်းမှုများဖြစ်ပွား လူ ၃၀ သေဆုံး၊ ဒေသခံတစ်သန်းခန့် ရေဘေးဒုက္ခကြုံတွေ့

နယူးဒေလီ ဇွန် ၃၀

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာလူ ၃၀ သေဆုံးပြီး ဒေသခံတစ်သန်းကျော်မှာ ရေဘေးဒုက္ခနှင့်ကြုံတွေ့နေရကြောင်း အိန္ဒိယအရာရှိများက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

အဆိုးရွားဆုံး

အာသံပြည်နယ်ရှိ ဗြဟ္မပုတ္တရမြစ်နှင့်အခြားမြစ်လက်တက်များ၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိသည်။ ယခုရေလွှမ်းမှုမှာ အိန္ဒိယနိုင်ငံ၏ ပြီးခဲ့သည့်ရှစ်နှစ်တာကာလအတွင်း အဆိုးရွားဆုံးရေလွှမ်းမှုဖြစ်သည်။ **(ယာပုံ)**

ရေလွှမ်းမှုဖြစ်ပွားရာဒေသများတွင် စိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဒေသခံရေဘေးဒုက္ခသည်များအတွက် အရေးပေါ်ကယ်ဆယ်နေရာချထားရေးနှင့် စားနပ်ရိက္ခာထောက်ပံ့ဖြည့်ဆည်းပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးဒုက္ခဆိုးရွားစွာကြုံတွေ့နေရသည့် ဒေသခံ ၅၄၈ ဦးတို့အား အိန္ဒိယလေတပ်က ရဟတ်ယာဉ်များဖြင့် ဘေးကင်းရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရသည်။ အိန္ဒိယအစိုးရက လောလောဆယ်တွင် အဆိုပါဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ မြေပြင်သို့ ပြန်လည်ဆင်းသက်

ပေကျင်း ဇွန် ၃၀

အာကာသယာဉ်မှူးသုံးဦး ပြန်လည်လိုက်ပါလာသော တရုတ်အာကာသယာဉ် ရှန်ကျိုး-၉ သည် အာကာသအတွင်း ၁၃ ရက်ကြာ အာကာသသုတေသနလုပ်ငန်းများဆောင်ရွက်ပြီးနောက် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၉ ရက်က ဖော်ပြသည်။ **(ယာပုံ)**

အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြေပြင်သို့ ဇွန် ၂၉ ရက် ဒေသစံတော်ချိန် ၁၀ နာရီ ၅ မိနစ်အချိန်က ရှန်ကျိုး-၉ အာကာသယာဉ်ဆင်းသက်လာသည်ကို ရုပ်မြင်သံကြားများက သတင်းရိုက်ကူးထုတ်လွှင့် ပြသခဲ့ကြသည်။



ဆောင်ရွက်နိုင်ခဲ့

တရုတ်နိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီးအာကာသယာဉ်မှူးလိုက်ပါသော အဆိုပါရှန်ကျိုး-၉ အာကာသယာဉ်သည် အာကာသတွင်းရှိ တီယန်ကောင်-၁ အာကာသဓာတ်ခွဲခန်းမော်ကျူးနှင့် တရုတ်အာကာသယာဉ်မှူးများကိုယ်တိုင် ချိတ်ဆက်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြည့်စုံပြီးမြောက်သော အောင်မြင်မှုတစ်ရပ်ပါဟု ဂုဏ်ပြုစကားပြောကြားခဲ့သည်။ အဆိုပါအာကာသခရီးစဉ်သည် တရုတ်နိုင်ငံ၏ ၂၀၂၀ ခုနှစ်မတိုင်မီ အာကာသအတွင်း ကိုယ်ပိုင်အာကာသယာဉ်စခန်းတည်ဆောက်ရေးရည်မှန်းချက်အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သည်။ ယခုရှန်ကျိုး-၉ အာကာသခရီးစဉ်သည် တရုတ်အာကာသမဟာဗျူဟာကိုးရပ်၏ ပထမအဆင့်တစ်ရပ်ကို ပြီးမြောက်အောင်မြင်စေခဲ့သည်။ ယင်းမှာ ပထမဆုံး ယာဉ်မှူးများကိုယ်တိုင်အာကာသယာဉ်နှစ်စင်းကို ချိတ်ဆက်နိုင်မှု၊ ပထမဆုံးကာလရှည်ကြာအာကာသပျံသန်းမှုနှင့် အမြဲတမ်းဂြိုဟ်ပတ်ယာဉ် မော်ကျူးဖြစ်သည့် တီယန်ကောင်-၁ အာကာသယာဉ်အတွင်း အာကာသယာဉ်မှူးများ ပထမဆုံးနေထိုင်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ရှန်ကျိုးအာကာသယာဉ်ပျံသန်းရေးနည်းစနစ်များတိုးတက်ရေးသည် တရုတ်မဟာဗျူဟာသုံးရပ်တွင် ပထမအဆင့်တစ်ရပ်ဖြစ်သည်။ ဒုတိယအဆင့်မှာ အာကာသအတွင်း လမ်း လျှောက်ခြင်းနှင့် ယာဉ်များချိတ်ဆက်သည့် နည်းပညာများဖြစ်ပြီး တတိယမြောက်မဟာဗျူဟာမှာ တရုတ်အာကာသယာဉ်စခန်းတည်ဆောက်ရေးဖြစ်သည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်၌ မြေပြိုမှုကြောင့်သေဆုံးသူ ၁၀၈ ဦးအထိရှိလာ

ဒါကာ ဇွန် ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ရေလွှမ်းပြီး မြေပြိုမှုများကြောင့် ပျက်စီးသွားသည့် လူနေအိမ်အပျက်အစီးများကြားမှ နောက်ထပ်သေဆုံးသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆွဲထုတ်လျက်ရှိကြောင်း ဇွန် ၂၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မိုးသက်မုန်တိုင်းကျကာ ရေလွှမ်းမိုးသဖြင့် မြေပြိုမှုများကြုံရပြီးနောက် နေအိမ်အပျက်အစီးများအောက် ပိတ်မိသေဆုံးသူများကို ဆယ်ယူဖော်ထုတ်ရာ၌ ယခုအခါ ရွှံ့ထဲမှသေဆုံးသူပေါင်း ၁၀၈ ဦးရှိပြီဟု ဒေသန္တရအုပ်ချုပ်ရေးမှူး ဟက်ခန်က ပြောကြားသည်။ စစ်တကောင်း၊ ကော့ဘဇားနှင့်ဘန်ဒါဘန်ခရိုင်များအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်ပြီဟု ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။ အဆိုပါနေရာတွင် ပျောက်ဆုံးသူမရှိတော့သဖြင့် ရှာဖွေရေးလုပ်ငန်းများ ရပ်ဆိုင်းရခြင်းဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယားနိုင်ငံ၌ အကြမ်းဖက်မှုများကြောင့် ၂၇ ဦးသေဆုံး

လေဂို့စ် ဇွန် ၃၀

နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘိုကိုဟာရမ်လက်နက်ကိုင်များအကြား တိုက်ပွဲများဖြစ်ပွားသဖြင့် လက်နက်ကိုင် ၁၉ ဦးအပါအဝင် ၂၇ ဦးသေဆုံးကြောင်း အင်တာနက်တွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ ယိုဘီပြည်နယ် ဒါမာတူရူမြို့အတွင်း၌ ဘိုကိုဟာရမ်လက်နက်ကိုင်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၈ ရက်က ချေမှုန်းလိုက်ကြောင်း ပြည်နယ်ရဲမှူးကြီး ပက်ထရစ်က ပြောကြားသည်။ နှစ်ဖက်တိုက်ပွဲဖြစ်ပွားစဉ် အရပ်သားနှစ်ဦးလည်း သေဆုံးသွားသည်ဟုဆို၏။

နိုင်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း တာရာဘာပြည်နယ်တွင် ရဲစခန်းကို လက်နက်ကိုင်များက တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်။ နိုင်ငံမြောက်ပိုင်း ကာနိုမြို့တိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် လက်နက်ကိုင် ၁၇ ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၃၀-၆-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း)- စုစည်းသည်

ရေဒါဖမ်းယူမရနိုင်သည့် F-35 ဂျက်တိုက်လေယာဉ် ဂျပန်ဝယ်မည်

ဂျပန်နိုင်ငံက ရေဒါဖြင့်ဖမ်းယူမရရှိနိုင်သော F-35 မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်အမျိုးအစားများကို ဝယ်ယူမည့်သဘောတူညီမှုကို ဇွန် ၂၉ ရက်က အတည်ပြုခဲ့သည်။

ဂျပန်နိုင်ငံက ရေဒါဖြင့်ဖမ်းယူမရနိုင်သည့် အဆိုပါဂျက်တိုက်လေယာဉ်သစ် စုစုပေါင်း ၄၂ စင်း ဝယ်ယူရန် စီစဉ်ထားပြီး လာမည့် ၂၀၁၆ ခုနှစ်တွင် ကနဦးအနေဖြင့် ဂျက်တိုက်လေယာဉ်လေးစင်းကို ဝယ်ယူမည်ဖြစ်သည်။ လေယာဉ်တစ်စင်းစီ၏ ကုန်ကျစရိတ်မှာ ယန်း ၁၀ ဒသမ ၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂၈ သန်း) ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ ထုတ်ပြန်ချက်အရသိရသည်။ ဂျပန် အစိုးရအနေဖြင့် အဆိုပါအဆင့်မြင့် F-35 ဂျက်တိုက်လေယာဉ်များကို ရွေးချယ်ဝယ်ယူရန် ပြီးခဲ့သည့်ဒီဇင်ဘာလက ဆုံးဖြတ်ချက်ချခဲ့ပြီး အမေရိကန်နှင့်အခြားသောနိုင်ငံရှစ်နိုင်ငံမှ မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်များကို ဝယ်ယူမည်ဖြစ်သည်။ ***(အောက်ပုံ)***

ဖိလစ်ပိုင်နှင့် အမေရိကန်ရေတပ်တို့ ပူးပေါင်းစစ်ရေးလေ့ကျင့်မည်

ဖိလစ်ပိုင်ရေတပ်က အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများနှင့် ဘေးအန္တရာယ်များကို လက်တုံ့ပြန်ရာတွင် ပိုမိုထိရောက်ကောင်းမွန်စေရန် ဖိလစ်ပိုင်ရေတပ်နှင့် အမေရိကန်ရေတပ်တို့ လာမည့်သီတင်းပတ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ အဓိကကျွန်းဖြစ်သည့် မင်ဒါနာအို၌ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇွန် ၃၀ရက်က ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၁၂ခုနှစ်အတွင်း ရေကြောင်းဆိုင်ရာလေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုကို လာမည့် ဇူလိုင် ၂ ရက်မှ စတင်ပြီး ဂျင်နရယ်စန်တိုမြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အိုမာတန်ဆေးက ပြောကြားခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ရေတပ်မှ ***USS Vandergrift* နှင့် *USNS Safeguard*** *အမည်ရှိ သင်္ဘောနှစ်စင်းနှင့် ကမ်းခြေစောင့်* ***USCG Waesche*** *သင်္ဘောတို့ ပါဝင်မည်ဖြစ်ပြီး အမေရိကန်ရေတပ်မှ တပ်ဖွဲ့ဝင် ၃၅၀နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၅၀ တို့ လိုက်ပါလာမည်ဟု အိုမာတန်ဆေးက ပြောကြားခဲ့သည်။ (ဆင်ဟွာ)*

လမ်းမတော်မြို့နယ်ရှိ ရန်ကုန်သုနာပြုတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ အလုံမြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် သူနာပြုတက္ကသိုလ် ကျောင်းသူများ စုပေါင်း၍ ဇွန် ၂၅ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အလုံမြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်အောင်ဆန်းက သူနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသူများထံသို့ ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ကျွန်းပင်များ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

◆ ကျောဖုံးမှ

၄င်းက ဆက်လက်ပြောကြားသည်။ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းများသည် လိုင်းဆွဲအား ကောင်းမွန်ခြင်း၊ သရီးဂျီစနစ်အခြေခံဖုန်းများဖြစ်ခြင်း၊ အင်တာနက်သုံးစွဲရာတွင် လိုင်းကောင်းမွန်ခြင်းများကြောင့် လူကြိုက်များသော ဖုန်းအမျိုးအစားဖြစ်ကာ ယခင်က ကျပ်ခုနစ်သိန်းခွဲအထိ ဈေးနှုန်းမြင့်တက်ခဲ့သည့် ဖုန်းအမျိုးအစားဖြစ်သည်။

ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများနှင့်အပြိုင် ပေါ်ထွက်ခဲ့သော ဖုန်းလိုင်းအမျိုးအစားဖြစ်ပြီး မကြာသေးမီကထုတ်လုပ်ခဲ့သော ကျပ်နှစ်သိန်းတန်နှင့် နှစ်သိန်းခွဲတန် ဖုန်းလိုင်းများချထားပေးရာတွင် ပါဝင်ခြင်းမရှိဘဲ ယခုမှသာ ပြန်လည်စတင်ရောင်းချပေးခြင်း ဖြစ်သည်။

အဆိုပါ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ် ရွှေဂုံတိုင်နှင့် အလုံဆက်သွယ်ရေးစခန်း၊ ပန်းဆိုးတန်းဆက်သွယ်ရေးရုံးတို့တွင် လာရောက်လျှောက်ထားဝယ်ယူနိုင်သည့်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးအတွက် အလုံးရေ ကန့်သတ်မထားကြောင်း သိရှိရသည်။

မိုဘိုင်းလ်ဖုန်းများကို နိုင်ငံတော်က ဈေးနှုန်းလျှော့ချရောင်းချခဲ့သဖြင့် လူအများကိုင်ဆောင်အသုံးပြုနိုင်ပြီဖြစ်ရာ ယခင်က စီးပွားရေးသမားများသာ ကိုင်ဆောင်အသုံးပြုနိုင်ရာမှ ယခုအခါ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများပါ ကိုင်ဆောင်အသုံးပြုလာနိုင်ကြပြီဖြစ်သည်။

လားရှိုးခရိုင် သိန်းနီမြို့နယ် မီးသတ်စခန်း၌ ဇွန် ၂၃ ရက်က ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ငွေပင်လယ်ဆေးဆိုင်နှင့် ရှမ်းမလေးသောက်ရေသန့်တို့က ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁-၇-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၂း၅၀	မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ **မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ** (အပိုင်း-၂)
၁၄း၅၀	International News

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၆း၀၀	ညနေခင်းသတင်း
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ

မြဝတီခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသည့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲ နှင့် Miss Myawaddy-2012 ပြိုင်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပရာ ပထမဆုရရှိသူ ပြိုင်ပွဲဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အင်အားပြင်း လျှင်လှုပ်

နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၃ နာရီ ၄၃ မိနစ် ၅၄ စက္ကန့်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၆၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ စင်ကျန်းပြည်နယ်မြောက်ပိုင်း)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေလျှင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကြိုပို့ကား ဘရိတ်ပေါက်၊ ဓာတ်တိုင်ကိုတိုက်မိ

ရန်ကုန် ဇွန် ၃၀

ဇွန် ၃၀ ရက် နံနက် ၆ နာရီခွဲက ရွှေပြည်သာမြို့နယ်၌ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ရွှေပြည်သာ သာခုစက်မှုဇုန် High Class စက်ရုံမှ ဝန်ထမ်းကြိုပို့ယာဉ် BM Hino ၄က/. . . မောင်းနှင်သူ ယာဉ်မောင်း ဦးသက်နိုင်အောင်သည် ဝန်ထမ်းများကိုကြို၍ ဘုရင့်နောင်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ရွှေညာမောင်မှတ်တိုင်အနီးသို့ အရောက် ဘရိတ်ပေါက်ပြီး လမ်းဘေးသို့ထိုးကျကာ ဓာတ်တိုင်ကို တိုက်မိခဲ့သည်။ **(ယာပုံ)**

ယင်းသို့ ယာဉ်တိုက်မှုကြောင့် ဓာတ်တိုင်ကျိုးကျပျက်စီးပြီး ယာဉ်ပေါ်ပါဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ကျိုးကျပျက်စီးသွားသော ဓာတ်တိုင်နှင့် မီးကြိုးများကို မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် တာဝန်ရှိသူများက အမြန်ဆုံး ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။ **(၁၆၆)**

အုပ်စုပွဲစဉ်တွင် အီတလီတိုက်စစ်မှူး နာတာလီက စပိန်အသင်းဘက်သို့ ဂိုးသွင်းယူခဲ့စဉ်။

သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမည့် စပိန်နှင့်အီတလီတို့၏ ယူရိုချန်ပီယံဗိုလ်လုပွဲ

ကီယက်ဗ် ဇွန် ၃၀

ဇူလိုင် ၂ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စပိန်နှင့် အီတလီအသင်းတို့သည် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကြီးအဖြစ် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

ယခုနှစ် ဥရောပချန်ပီယံမည်သည့်အသင်း ဖြစ်လာမလဲဆိုသည်ကို ဘောလုံးဝါသနာရှင်များအနေဖြင့် အထူးစိတ်ဝင်စားနေကြသည်။ လက်ရှိခြေစွမ်းအရ စပိန်က ၎င်း၏ဥရောပချန်ပီယံဘွဲ့ကို ဆက်ထိန်းလိမ့်မည်ဟု ပြောကြသူများရှိသလို အီတလီကလည်း စပိန်ကိုအနိုင်ယူပြီး ဖလားယူမည်ဟု ကြွေးကြော်လျက်ရှိသည်။

ပြိုင်ပွဲမစတင်မီ တစ်သင်းနှင့်တစ်သင်း အပြန်အလှန် ခြိမ်းခြောက်နေကြသလို ဘောလုံးပရိသတ်များအနေဖြင့်လည်း သို့လောသို့လော ဖြစ်နေကြသည်။ အကယ်၍သာ စပိန်သည် အီတလီကိုနိုင်ပြီး ချန်ပီယံဆုဖလားကြီးကိုင်မြှောက်ခွင့်ရရှိသွားမည်ဆိုလျှင် ဘောလုံးသမိုင်းတွင် ရာစုနှစ်အတွင်း အအောင်မြင်ဆုံးအသင်းဖြစ်လာလိမ့်မည်ဟူ၍လည်း ပြောဆိုနေကြသည်။ စပိန်အသင်းသည် ယူရို ၂၀၀၈ ပြိုင်ပွဲတွင်လည်းကောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်းကောင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။ ယခု ယူရို ၂၀၁၂ ဖလားပါ ဆွတ်ခူးနိုင်လျှင် စပိန်အသင်းသည် ဥရောပနှစ်ထပ်ကွမ်းချန်ပီယံ ဖြစ်လာလိမ့်မည်ဖြစ်သည်။

အီတလီအသင်းနှင့် စပိန်အသင်းတို့သည် ၁၉၃၄ ခုနှစ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် တွေ့ဆုံရာ အီတလီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဥရောပချန်ပီယံရှစ်အုပ်စုအဆင့်တွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ ၁၉၉၂ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် အီတလီက စပိန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယူရို ၂၀၀၈ ကွာတားဖိုင်နယ်တွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပြီး ပယ်နယ်တီကန်သွင်းရာ စပိန်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယခု ယူရို ၂၀၁၂ အုပ်စုပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ စပိန်အသင်းသည် ဖလားဆွတ်ခူးရန် ရေပန်းစားနေသော်လည်း ဘောလုံးသမိုင်းတစ်လျှောက် အီတလီကို ပြတ်ပြတ်သားသား အနိုင်ကစားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ **(အင်တာနက်)**

ပြင်သစ်အိုးပင်းချန်ပီယံရှာရာပိုဗာ—ဝင်ဘယ်ဒန်ပြိုင်ပွဲ စတုတ္ထဆင့်တက်

လန်ဒန် ဇွန် ၃၀

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို လန်ဒန်မြို့ အောအင်္ဂလန်ကလပ်၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဇွန် ၂၉ ရက်က မာရီယာရှာရာပိုဗာသည် တရုတ်(တိုင်ပေ) မှ ဆုဝိရှိအား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

*ပြင်သစ်အိုးပင်းချန်ပီယံ ရှာရာပိုဗာ **(ယာပုံ)** သည် ယခုနှစ်တွင် ဝင်ဘယ်ဒန်ဖလားကိုပါ ဆွတ်ခူးရန် ရေပန်းစားနေသည်။ သူမသည် ဝင်ဘယ်ဒန်ဖလားကို ၂၀၀၄ ခုနှစ်က ဆွတ်ခူးခဲ့ဖူးသည်။ သို့သော်လည်း ရှာရာပိုဗာသည် လွန်ခဲ့သောနှစ်နှစ်က ဗိုလ်လုပွဲတွင် ဆီရီနာဝီလျံကိုရှုံးပြီး ဖလားလက်လွတ်ခဲ့ရသည်။ ရှာရာပိုဗာသည် ယခုနှစ်တွင် ပြင်သစ်အိုးပင်းဖလားဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ အခြားသောပြိုင်ပွဲအဖြစ် ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားက ရုရှားတင်းနစ်မယ် ဇဗွန်နာနေးဗားကို ၆-၃၊ ၄-၃ ဖြင့်နိုင်ပြီး စတုတ္ထဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့သည်။ ကလစ္စတားသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် နှစ်ကြိမ်တိုင်အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော တင်းနစ်မယ်ဖြစ်သည်။ သူမသည် လာမည့်စတုတ္ထဆင့်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၈ ရှိ ဂျာမနီတင်းနစ်မယ် အိန်ဂျယ်လီကေးကာဘာနှင့် ကစားရမည်ဖြစ်သည်။ ကာဘာသည် အမေရိကန်တင်းနစ်မယ် ခရစ္စတီးနားကို ၆-၂၊ ၆-၃ ဖြင့်နိုင်ပြီး စတုတ္ထဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် စတုတ္ထဆင့်ပြိုင်ပွဲတွင် ဂျာမနီမှ ဆဘိုင်းလီဆစ်ကီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရှာရာပိုဗာက လီဆစ်ကီအား အနိုင်ကစားခဲ့သည်။* **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

ဗြိတိန်ဘောလုံးအသင်း အိုလံပစ်အဖွင့်ပွဲတွင် ဆီနီဂေါနှင့်ကစားရမည်

လန်ဒန် ဇွန် ၃၀

လန်ဒန် ၂၀၁၂ အိုလံပစ် အားကစားပြိုင်ပွဲကို ဇူလိုင်လလယ်တွင် စတင်ကျင်းပမည်ဖြစ်ရာ ဗြိတိသျှအိုလံပစ်ဘောလုံးအသင်းအတွက် အားကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

အဆိုပါ ဗြိတိသျှအိုလံပစ် ဘောလုံးအသင်းတွင် စကော့တလန် သို့မဟုတ် မြောက်အိုင်ယာလန်မှ ဘောလုံးသမားများတစ်ဦးမျှ ပါဝင်မည်မဟုတ်ဟုဆိုသည်။ ၄င်းဗြိတိသျှအသင်းတွင် ရိုင်ယံဂစ်၊ ဘယ်လာမီနှင့် မီကက်ရစ်ချက်တို့နှင့်အတူ အသက် ၂၃ နှစ်အောက်ရှိ ကစားသမား ၁၅ ဦးကို ရွေးချယ်ထားသည်။ (အပေါ်ပုံ)

ယှဉ်ပြိုင်ကစားမည်

ဗြိတိန်အသင်းသည် အုပ်စု(က)တွင် ပါဝင်ပြီး ဆီနီဂေါ၊ ဥရုဂွေးနှင့် ယူအေအီးနိုင်ငံအသင်းများနှင့် ကစားရမည်ဖြစ်သည်။ ဗြိတိန်အသင်းသည် ဇူလိုင် ၂၆ ရက်တွင် ဆီနီဂေါအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် ယူအေအီးအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ဥရုဂွေးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်

ဦးစားပေးကဏ္ဍများ သတ်မှတ်ဆောင်ရွက်မည်ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းပြောကြား

နေပြည်တော် ဇွန် ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းလမ်းညွှန်အစည်းအဝေးကို ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးခေါ်ယူရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ ဒုတိယအဆင့်နှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စများကို ဆွေးနွေးမှာကြားလိုသည့်အတွက် ခေါ်ယူခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရန် အဓိကလိုအပ်ချက်များမှာ လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍတို့ ဖြစ်ကြောင်း၊ ထိုလိုအပ်ချက်များအနက် ပို့ဆောင်ရေးကဏ္ဍသည် မိမိတို့နှင့်တိုက်ရိုက်သက်ဆိုင်နေကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်လာရန် ဌာနများက ပြုပြင်ပြောင်းလဲရေးများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အရာရှိများသို့ ချပြအကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိအရာထမ်းများ၊ ဝန်ထမ်းများနှင့် ပြုပြင်ပြောင်းလဲရေးကာလတွင် မူဝါဒညှိနှိုင်းခြင်း၊ မဟာဗျူဟာနည်းဗျူဟာ အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်ရန် လိုအပ်ချက်များ ညှိနှိုင်းခြင်း စသည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲပြီး ဦးစားပေးကဏ္ဍကို သတ်မှတ်ဆောင်ရွက်သွားနိုင်ရေး ပြုလုပ်သွားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည် ထောင် စု ဝန်ကြီး ဦးအောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းလမ်းညွှန် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်

မော်လမြိုင်မြို့၌ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၃၀

ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ မြေနီကုန်းရပ် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးရှေ့၌ ကျင်းပသည်။ အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူအင်အား ၆၇၃ ဦး တက်ရောက်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ခရေ၊ ပိုးသီတင်း၊ ပုန်းညက်၊ တရုတ်တည်၊ အင်၊ ပျဉ်းမ၊ စွယ်တော်၊ ရေတမာနှင့် ပိန္နဲစသည့် အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်းအပင် ၅၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)** **(မြန်မာ့အလင်း)**

မြစ်ကြီးနားမြို့၌ ဆိုင်ကယ်ပေါ် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

စီးနင်းလာသူ ဒဏ်ရာများရပြီး နေရာတွင်သေဆုံး

နေပြည်တော် ဇွန် ၃၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရေရပ်ကွက်၌ ဇွန် ၂၉ ရက်က အမျိုးသားတစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်ပေါ်မှ ဒေသန္တရလက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စီးနင်းလာသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၉ ရက် ညနေ ၆ နာရီခန့်တွင် မြစ်ကြီးနားမြို့ ရေရပ်ကွက်နယ်မြေ(၃) မိုးလုံလေလုံ အားကစားကွင်းအနီး၌ အမျိုးသားတစ်ဦး ဆိုင်ကယ်စီးနင်းလာစဉ် ဆိုင်ကယ်ပေါ်၌အသင့်ပါလာသည်ဟု ယူဆရသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးပေါက်ကွဲရာမှ ယင်းစီးနင်းလာသူအမျိုးသားမှာ ရင်ဘတ်ပေါက်ပြဲ၊ ညာဘက်လက်ပြတ်၊ မျက်နှာစုတ်ပြတ် ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ ပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ကြီးနားမြို့ ရေရပ်ကွက်၌ အမျိုးသားတစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်ပေါ်မှ ဒေသန္တရလက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ကသာမြို့၌ ဧရာဝတီမြစ်စိုးရိမ်ရေမှတ်

နေပြည်တော် ဇွန် ၃၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ကသာမြို့တွင် ၁၀၅၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (၀. ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း — မှုခင်းသတင်း — ၃၀-၆-၂၀၁၂

လက်နက်နှင့် မူးယစ်ဆေးဝါးအများအပြား တာချီလိတ်မြို့နယ်၌ ဖမ်းဆီးရမိ

တာဝန်ရှိသူများသည် ဇွန် ၂၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု စံဖူးကျေးရွာနေ အိုက်ရွှေ(ခ)စံရွှေ၏ ခြံအတွင်း အသေးစိတ် ရှာဖွေမှုပြုခဲ့ရာ ခြံအတွင်းမြေကျင်းတူးကာ မြှုပ်နှံထားသော အမ်-၂၂ နှစ်လက်၊ ကျည်အိမ် လေးခု၊ ၄င်းကျည် ၈၉ တောင့်၊ အမ် ၁၆ (အတို) တစ်လက်၊ ကျည်အိမ်(အရှည်)တစ်ခု၊ ကျည်အိမ်(တို)တစ်ခု၊ ၄င်းကျည် ၃၅ တောင့်၊ ဩစတြေးလျနိုင်ငံလုပ် ၉မမ ပစ္စတိုတစ်လက်၊ ၄င်းကျည် ၁၀ တောင့်၊ ဆာလာအိတ်အတွင်း ထည့်ထားသော တစ်အိတ်လျှင် ၂၅ ကီလိုဂရမ်ပါ ကဖင်းဟုယူဆရသော အဖြူရောင်အမှုန့် ရှစ်အိတ်၊ ၂၃ ကီလိုဂရမ်ပါ တစ်အိတ်၊ စုစုပေါင်းအလေးချိန် ၂၂၃ကီလိုဂရမ်တို့ကို ဖမ်းဆီးရရှိခဲ့သည်။

လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများအား သိုဝှက်သိမ်းဆည်းထားသူ(ဘ) ဦးအိုက်ကျောက်၏သား အိုက်ရွှေ(ခ)စံရွှေ အသက် ၃၅ နှစ်အား တာချီလိတ်ရဲတပ်ဖွဲ့စခန်းမှ မယ(ပ)၄၂/၂၀၁၂၊ မူး/စိတ် ပုဒ်မ ၁၅/၁၆(ခ)/၂၂(ခ)အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ဖဗဓ)**

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်း — စာအုပ်စင်ကဏ္ဍ — ၃၀-၆-၂၀၁၂

ကိုလင်း စုစည်းသည်

ကွန်ပျူတာဖြင့် ဂီတကိုဖန်တီးခြင်း စာအုပ်ထုတ်ဝေ

ကွန်ပျူတာဖြင့် ဂီတကိုဖန်တီးခြင်း သို့မဟုတ် Music Maker စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဂီတနှင့်ပတ်သက်သည့် Software များထဲမှ Magic Music Maker Software အကြောင်းကို အသေးစိတ်ဖော်ပြထားသည်။ စာဖတ်သူဖန်တီးလိုသော အမြူးအကြွ အလွမ်းအဆွေး၊ Hip Hop၊ Rock သီချင်းများကို ခေတ်မီ ဂီတသံများနှင့် ဖန်တီးနိုင်စေရန် ရှာဖွေတင်ပြထားသည်။ MP3 File, Wave File များနှင့် အဆင်သင့်ရှိပြီးသား သီချင်းများကို Music Maker Software နှင့် Remix လုပ်၍ Effect များအသုံးပြုကာ ပြောင်းလဲအသုံးပြုနည်း၊ Version ပြောင်းနည်းများပါဝင်သည်။ အဆိုပါစာအုပ်ကို မနောဖြူစာပေ (၂၃၅) ၃၇ လမ်း(ထက်) ကျောက်တံတားမြို့နယ် ဖုန်း-၀၉-၇၃၀၄၃၈၇၃၊ ၀၉-၇၃၂၄၆၉၈၀ မှ ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ဒေါ်ခင်မျိုးချစ်၏ သတင်းစာလောကစာအုပ် ထုတ်ဝေ

စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ သတင်းစာလောကစာအုပ်ကို ရန်အောင်စာပေမှ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ပြည်သူ့သတင်းစာဟူသည် ပြည်သူတို့၏ ယုံကြည်လွှဲအပ်ခြင်းခံရသော ပစ္စည်းဖြစ်၏ဟူ၍ လည်းကောင်း၊ သတင်းစာဆရာတစ်ဦးသည် မိမိစိတ်ရင်း၌ မှန်သည်ဟုယူဆသောအချက်ကိုသာ ရေးသင့်သည်ဟူ၍ လည်းကောင်း၊ သတင်းစာဆရာ့ လက်သုံးဝါဒများကို အစပျိုး၍ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းစာလောကဖွံ့ဖြိုးရေး၊ သတင်းစာလောကသမိုင်းများကို စုံစုံစေ့စေ့ဖော်ပြထားသည်။ အဆိုပါစာအုပ်တွင် သတင်းစာလွတ်လပ်မှု၊ သတင်းစာနှင့် လူထု၊ ခေါင်းကြီးပိုင်းသတင်းနှင့် သတင်းယူနည်း၊ သတင်းဆောင်းပါးနှင့်ဝေဖန်စာဆောင်းပါးများ၊ သတင်းထောက်လှမ်းခြင်းအတတ်၊ သတင်းစာနှင့် ဒီမိုကရေစီ စသည့်အခန်းများပါဝင်ပြီး ရန်အောင်စာပေ ဖုန်း-၀၉-၇၃၂၄၃၈၅၁ မှ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ဖုန်းရွှေ နေရာချထားခြင်းပညာစာအုပ် ထုတ်ဝေဖြန့်ချိ



ဆရာရန်အောင်ဟိန်း ရေးသားသော လူနေတိုက်ခန်းတွဲများ၊ ကွန်ဒိုတိုက်ခန်းများအတွက် ဖုန်းရွှေနေရာချထားခြင်း ပညာစာအုပ် ထွက်ရှိလာသည်။

ယနေ့ခေတ်၏ လူနေမှုစနစ်အရ လုံးချင်းအိမ်တွင် နေရခြင်းထက် တိုက်ခန်းတွဲ အဆောက်အအုံ၊ ကွန်ဒိုတိုက်ခန်းများတွင် နေရခြင်းက ပိုမိုများပြားလာသည်။ စာအုပ်တွင် ဖုန်းရွှေဟူသည် အဘယ်နည်း၊ လူနေအိပ်ခန်းရွေးချယ်ယူခြင်း၊ သင့်အတွက် အကောင်းဆုံးအရပ်မျက်နှာ၊ အခန်းတွင်းဖွဲ့စည်းပုံ၊ အခန်းတွင်းအနေအထား၊ ကောင်းကျိုးပြုသောနေရာနှင့် ဆိုးကျိုးပြုသောနေရာများ၊ ဖုန်းရွှေအရ အကဲဖြတ်ရန် နည်းလမ်းပြချက်များ၊ ပရိဘောဂများကို နေရာချထားခြင်း၊ ဖုန်းရွှေပြဿနာများ စသည့်အကြောင်းအရာများ ပါဝင်သည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ (ပထမထပ်-ဝဲ) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ရတနာဂီရိမှ သီပေါမင်းဆွေတော်မျိုးတော်များစာအုပ်ထုတ်ဝေ

စာရေးဆရာမောင်ခိုင်ခန့် (အမျိုးသားစာပေဆုရ) ရေးသားသည့် မျိုးဆက်ပြတ်တော့မည့် ရတနာဂီရိမှ သီပေါမင်းဆွေတော်မျိုးတော်များစာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

ပြောရလျှင် အဆိုပါစာအုပ်သည် စာရေးသူ၏ခရီးသွားဆောင်းပါးများ စုစည်းထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ သို့သော် အဆိုပါဆောင်းပါးများသည် သာမန်မျှမဟုတ်သည်ကို တွေ့ရသည်။ ဆောင်းပါးများအနက် ရတနာဂီရိမှ သီပေါမင်း၏ မြစ်တော်အိမ်သို့သွားရောက်တွေ့ဆုံခြင်း၊ အကျဉ်းစံသီပေါမင်းနှင့် အရှင်ထိပ်စုမြတ်ဖုရားကြီး၊ ပထမသမီးတော်တို့၏အုတ်ဂူတော်များ၊ ရတနာဂီရိတွင် မျိုးဆက်ပြတ်တော့မည့် သီပေါမင်း၏ဆွေတော်မျိုးတော်များစာစုတို့သည် အဖိုးတန်လှသည်။ စာရေးသူ ရတနာဂီရိသို့ရောက်ပြီးနောက် သံဝေဂတစ်ခု ရခဲ့ဟန်တူသည်။ သူ၏ အမှာစာတွင် "ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် လူမျိုးတိုင်း မြေမျိုု၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်သည်" ဟူသောဆိုသောစကားကို အလေးအနက်ပြုသတိမူနိုင်ရန် ဖော်ကျူးထားသည်။

အဆိုပါစာအုပ်ကို ကြည်လှမောင်စာပေတိုက် အမှတ် ၇ ခြောက်လွှာ ငွေလရောင်လမ်း ဆရာစံတောင်(စံပြ)ရပ်ကွက် ဗဟန်းမြို့နယ် ဖုန်း-၀၉-၅၁၆၂၁၅၆ မှ ငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

အိုဆမာဘင်လာဒင် နိုင်ငံရေးနိဒါန်းနှင့်ဘဝနိဂုံးစာအုပ် ဖြန့်ချိ

သတင်းသမားအဖြစ် ဖြစ်ရပ်မှန်များ စုဆောင်းကာ စာရေးဆရာအဖြစ် ဖတ်ချင့်စဖွယ် ခြယ်မှုန်းရေးသားထားသည့် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၏ အိုဆမာဘင်လာဒင်စာအုပ်ကို ဟန်သာဆုစာအုပ်တိုက် အမှတ် ၃၂ ပထမထပ် အဆောင်(၄)ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး (C)ရုံမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အိုဆမာဘင်လာဒင်၏ ငယ်စဉ်ဘဝ၊ ကျောင်းသားဘဝ၊ လုပ်ငန်းရှင်သူဌေးဘဝမှ အယ်လ်ခိုင်ဒါတပ်များကို ဖွဲ့စည်းပြီး စစ်ပွဲဆင်နွှဲခဲ့ပုံများ၊ ၂၀၀၁ ခုနှစ် ဝါရှင်တန်၊ နယူးယောက်မှ အကြမ်းဖက်တိုက်ခိုက်မှုကြီးကြောင့် အမေရိကန်က ဆုငွေဒေါ်လာ သန်း ၅၀ ထုတ်ပြန်ခဲ့ရပုံများ၊ အာဖဂန်၊ ဆူဒန်တို့တွင် အခြေစိုက်လှုပ်ရှားခဲ့ပုံများ၊ အမေရိကန် ပင်လယ်ဖျံတပ်စုက ပါကစ္စတန်နိုင်ငံတွင်းမှ အိုဆမာဘင်လာဒင်၏နေအိမ်ကို ဝင်ရောက်စီးနင်းခဲ့ပုံများကို အရှိပကတိ ဖြစ်ရပ်မှန်များဖြင့် ရေးသားတင်ပြထားသည်။

မြန်မာအမျိုးသမီးများနေ့နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

နှစ်စဉ်ဇူလိုင်လ ၃ ရက်နေ့တွင် သတ်မှတ်ခဲ့သော မြန်မာအမျိုးသမီးများနေ့သို့ နှစ်တစ်ပတ်လည်၍ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။ လွန်ခဲ့သော ၁၉၉၅ခုနှစ် စက်တင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် "ကမ္ဘာ့အမျိုးသမီးများညီလာခံ"သို့ မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ထိုညီလာခံမှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်းမှာ အမျိုးသားအဆင့်ယန္တရား (National Mechanism) တစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ရန် ဟူ၍ ပေကျင်းကြေညာချက် (Beijing Declaration)အရ မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်ပေးရေး၊ ဘဝလုံခြုံမှု ရရှိစေရေးတို့အတွက် ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee for Women's Affaris-MNCWA)ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီဖွဲ့စည်းခဲ့သည့် ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့"အဖြစ် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမျိုးသမီးများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သော အင်အားစုတစ်ရပ် လိုအပ်လာပါသည်။ တစ်ပြည်လုံးအတိုင်းအတာဖြင့် အမျိုးသမီးတိုင်းကိုယ်တိုင်ကိုယ်ကျ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းသဘာဝချင်းတူညီသော အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (International Organization)၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ(Regional Organization)၊ ပြည်တွင်းဆိုင်ရာအဖွဲ့အစည်းများ (National Organization)နှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းရာတွင် အောက်ဖော်ပြပါအတိုင်း မွန်မြတ်သောရည်ရွယ်ချက်(၇)ရပ် ချမှတ်ဖွဲ့စည်းခဲ့ပါသည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊
(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊
(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ကျန်းမာရေး၊ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊
(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်၊
(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရန်၊
(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (International Non-Governmental Organization)၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ (Regional Organization)၊ ပြည်တွင်းအဖွဲ့အစည်းများ(National Organization) နှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်အချက်များပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်များအပြင် အခြေခံမူ (၅)ချက်ကိုလည်း ချမှတ်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့မှာ-

(၁) အမျိုးသားရေးဆိုင်ရာ အခြေခံမူ

ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေးတာဝန် သက်သက်ကိုသာ ဆောင်ရွက်မည်။

(၂) တိုင်းရင်းသားရေးရာဆိုင်ရာ အခြေခံမူ

ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဘာသာရေးဆိုင်ရာ အခြေခံမူ

မိမိတို့သက်ဝင်ယုံကြည်အားထားသည့် ဘာသာရေးကိုးကွယ်ဆည်းကပ်မှုကို တတ်စွမ်းသမျှ ကူညီအားပေးမည်။

(၄) လူမှုရေးဆိုင်ရာ အခြေခံမူ

ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်။

(၅) အမျိုးသမီးရေးရာအခြေခံမူ

အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဌာနကြီး (၆)ခု

(၁) စည်းရုံးရေးရာဌာန - အဖွဲ့အစည်းကြီး တောင့်တင်းခိုင်မာဖွံ့ဖြိုးတိုးတက်အောင်အထောက်အကူဖြစ်စေရန်
(၂) စီမံရေးရာဌာန - စီမံကွပ်ကဲနိုင်စေရန်
(၃) စည်းကမ်းထိန်းသိမ်းရေးဌာန - စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန်
(၄) ဘဏ္ဍာရေးရာဌာန - ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများ စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်
(၅) ပြန်ကြားရေးရာဌာန - မိမိအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များကို အများသိရှိ နားလည်သဘောပေါက်စေရန်
(၆) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာန - မူလရည်ရွယ်ချက်တွင် ပါရှိပြီးဖြစ်သော အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်နိုင်ရန်ဟူ၍ ဌာနကြီး(၆)ခု ဖွဲ့စည်းထားသည်။

အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းဌာနကြီး(၆)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်-

(ခ) လုပ်ငန်းအဖွဲ့(၆)ဖွဲ့မှာ-
(၁) အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခွဲများမှာ-
(ကက) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ

မသောက်ထားဦး

(ခခ) လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ
(ဂဂ) ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ
(ဃဃ) အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ ဖြစ်ပါသည်။
(၂) လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့
(ကက) ပညာရေးလုပ်ငန်းအဖွဲ့ခွဲ
(ခခ) ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ
(ဂဂ) ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲဟူ၍ အဖွဲ့ခွဲ(၃)ခု ရှိပါသည်။
(၃) အမျိုးသမီးများအား လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့
(၄) တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့
(၅) ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့
(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့ (၆) ဖွဲ့ ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အရွယ်သုံးပါး အမျိုးသမီးများဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး ဌာနကြီးများ၊ လုပ်ငန်းအဖွဲ့များ၊ အဖွဲ့ခွဲများက ထိရောက်သော ဆောင်ရွက်မှုများအား အစဉ်တစိုက် နိုင်ငံတော်နှင့် လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(က) ပညာရေးဆိုင်ရာဆောင်ရွက်ချက်များ

လူတိုင်းအတွက် ပညာရေး (Education for All) စီမံချက်တွင် ပါဝင်ဆောင်ရွက်မှုများ၊

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးစီမံချက် (School Enrolment) တွင် ပါဝင်ဆောင်ရွက်မှုများ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)၊ မသန်သော်လည်း စွမ်းဆောင်နိုင်သော ကျောင်းသား ကျောင်းသူများကို အားပေးကူညီလျက် တန်းတူအခွင့်အရေးရရှိအောင် ပါဝင်ဆောင်ရွက်မှုများ၊

ကျောင်းပြင်ပပညာရေး (Non-formal Education)တွင် ပါဝင်ဆောင်ရွက်မှုများ၊ ဒေသတွင်းရှိ ရပ်ရွာပညာပဒေသာဌာန(Community Learning Center) များ ဖွင့်လှစ်ပေးသည့် လုပ်ငန်းတွင် ကူညီပါဝင်ဆောင်ရွက်မှုများ၊

ချို့တဲ့ကျောင်းသားကျောင်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေး ရေရှည်ထောက်ပံ့မှုအနေဖြင့် ငွေပဒေသာပင်ထူထောင်ပေးမှု၊ နွမ်းပါး၍ တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ကလေးများအား ထောက်ပံ့ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်း ပညာရေး၊ သီလရှင်ပညာသင်ကြားရေး ထောက်ပံ့အားပေးခြင်း၊ အရွယ်လွန်ကလေးများအတွက် ပညာသင်ထောက်ပံ့ပေးခြင်း စသည့် လုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပေးလျက်ရှိပါသည်။

(ခ) ကျန်းမာရေးဆိုင်ရာဆောင်ရွက်ချက်များ

- အခြေခံကျန်းမာရေးဆိုင်ရာ ပညာပေးခြင်း၊ စောင့်ရှောက်မှုပေးခြင်းတို့တွင် ပါဝင်ကူညီပံ့ပိုးပေးခြင်း
- HIV/AIDS ဆိုင်ရာ ကျောင်းကျန်းမာရေးသင်ရိုးဖြစ်သော Shape စီမံချက်တွင် ပါဝင်ဆောင်ရွက်ခြင်းများ
- HIV/AIDS တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများ
- HIV/AIDS ဝေဒနာရှင်များနှင့် မိသားစုဝင်များအား နှစ်သိမ့်ဆွေးနွေးခြင်း၊ ပြုစုစောင့်ရှောက်ပေးခြင်း
- တီဘီရောဂါပပျောက်ရေးဆိုင်ရာစီမံချက်တွင် ဆင့်ပွားဆရာဖြစ်သင်တန်း (TC)တို့တွင် ပါဝင်ဆောင်ရွက်ခြင်း

(ဂ) ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေး (Poverty Eradication) အတွက် ဆောင်ရွက်ချက်များ

- ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း
- အလုပ်အကိုင်များရှာဖွေပေးခြင်း
- ရင်းနှီးမတည်ငွေ၊ အသေးစားချေးငွေ(Micro-credit) များထုတ်ပေးခြင်း

(ဃ) အခြားဆောင်ရွက်ချက်များ

- တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ
- ယဉ်ကျေးမှုဓလေ့ထုံးစံထိန်းသိမ်းရေးလုပ်ငန်းများ
- ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြုံတွေ့ရပါက လူသားချင်းစာနာစိတ်အပြည့်အဝဖြင့် ကူညီပံ့ပိုးပေးသည့်လုပ်ငန်းများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ(သစ်ပင်များ စိုက်ပျိုးခြင်းစသည်)

အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

(က) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များ နှစ်သိမ့်ဆွေးနွေးအကြံပေးဌာနများဖွင့်လှစ်ခြင်း
- အမျိုးသမီးများအား အကာအကွယ်ပေးသော ဥပဒေများအကြောင်း ပညာပေးဟောပြောခြင်းများပြုလုပ်ပေးခြင်း
- ဝင်ငွေနည်းသောမိသားစုများအတွက် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ပေးသည့်အစီအစဉ်များဆောင်ရွက်ပေးခြင်း

(ခ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များ

- ကျောင်းများနှင့် ပြည်သူလူထုအတွင်း လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် အကြောင်းအရာများကိုပညာပေးဟောပြောပွဲများကျင်းပပေးခြင်း
- ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဇာတ်လမ်းများတွင် ပညာပေးဇာတ်လမ်းများ ထုတ်လွှင့်ပြသဖြန့်ချိပေးခြင်း
- အစိုးရဌာနပေါင်းစုံမှဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့ဝင်များပါဝင်သည့် (Mobile Team) သည် UNIAPနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့သွားရောက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများတွင် ဆောင်ရွက်မည့်သူများအား လေ့ကျင့်သင်တန်းပေးခြင်း
- လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်ထုတ်ဝေခြင်း
- လူကုန်ကူးမှုခံရသူအမျိုးသမီးငယ်များအား မိဘထံပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- လူကုန်ကူးခံရသူအမျိုးသမီးငယ်များအား ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးခြင်း
- နိုင်ငံတော်အစိုးရမှထုတ်ပြန်ထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေ(The Anti-Trafficking in Person Law)ကို လိုက်နာ၍ ပါဝင်ဆောင်ရွက်ပေးခြင်း စသည်တို့ဖြစ်ပေသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တာဝန်ယူ၍ နှစ်စဉ် ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့တွင် ထူးချွန်သော မြန်မာအမျိုးသမီးများအား ဂုဏ်ပြုချီးမြှင့်သော အခမ်းအနားများကို နှစ်စဉ်မပျက်ကျင်းပခဲ့သည်။

"မြန်မာအမျိုးသမီးများနေ့"တွင် အောက်ဖော်ပြပါ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးလျက်ရှိသည်။

(က) အမျိုးသားစာပေဆုနှင့် အမျိုးသားစာပေတစ်သက်တာ ထူးချွန်ဆုရ စာရေးဆရာမကြီးများ
(ခ) နှစ်စဉ်အခြေခံပညာအထက်တန်းစာမေးပွဲတွင် အမှတ်အများဆုံးရရှိသော ကျောင်းသူ
(ဂ) အားကစားထူးချွန်သူအမျိုးသမီး
(ဃ) မသန်စွမ်းအားကစားထူးချွန်သူအမျိုးသမီး
(င) မီးသတ်တပ်ဖွဲ့ထူးချွန်အမျိုးသမီး
(စ) ရဲတပ်ဖွဲ့ထူးချွန်အမျိုးသမီး
(ဆ) ကြက်ခြေနီထူးချွန်သူအမျိုးသမီး
(ဇ) သွေးလှူဒါန်းမှုအကြိမ်အများဆုံးလှူဒါန်းသူအမျိုးသမီးများ
(ဈ) ဆောင်းပါးပြိုင်ပွဲ(ပထမ၊ ဒုတိယ၊ တတိယ)
(ည) ဓာတ်ပုံပြိုင်ပွဲ (ပထမ၊ ဒုတိယ၊ တတိယ)ဆုများကိုပါချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ်"မြန်မာအမျိုးသမီးများနေ့"ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပပေးခဲ့ပါသည်။

အကြိုလှုပ်ရှားမှုများအနေဖြင့် "မြန်မာအမျိုးသမီးများနေ့"ဆိုင်းဘုတ်များတင်ပေးခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ မြန်မာအမျိုးသမီးများဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ဆက်နွှယ်သည့် စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ ဆောင်းပါးပြိုင်ပွဲများအား အခြေခံပညာအဆင့်၊ တက္ကသိုလ်ကောလိပ်အဆင့် စသည်ဖြင့် သတ်မှတ်၍ တစ်ပြည်လုံးအတိုင်းအတာအထိ ကျင်းပပေးပြီး "မြန်မာအမျိုးသမီးများနေ့"တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင်လည်း အခမ်းအနားများကျင်းပ၍ ဆုများပေးအပ်ခြင်း၊ အမျိုးသမီးများ၏ သဘာဝအလှလုပ်ငန်းဆိုင်ရာများ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာများကို ဓာတ်ပုံပြပွဲများပြုလုပ်၍ ဆုများပေးအပ်ခြင်းစသည်တို့ဖြစ်သည်။

အထက်ဖော်ပြပါလုပ်ငန်းရပ်များအပြင် မွန်မြတ်သောရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ခဲ့ပါသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးတတ်စေရန်နှင့် အမျိုးသမီးများ လုံခြုံစွာဝတ်စားဆင်ယင်ခြင်းဖြင့် ပိုမိုပေါ်လွင်သော အလှပိုင်ရှင်ဖြစ်ကြောင်း သက်သေပြုသည့်အနေဖြင့် ၂၀၀၄ ခုနှစ်မှစတင်၍ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲများကို စတင်ကျင်းပခဲ့ပေသည်။

အဓိကရည်ရွယ်ချက်မှာ မြန်မာအမျိုးသမီးများ၏ အလှအပများကို မိမိနိုင်ငံရှိ ဒေသအသီးသီးမှထွက်ရှိသော ပြည်တွင်းဖြစ်အထည်များဖြင့် လုံခြုံလှပ၊ ဆန်းသစ်တီထွင် ချုပ်လုပ်ဝတ်ဆင်၍ ဖော်ညွှန်းပြသခြင်းဖြစ်သည်။

ထိုပြပွဲ၏ အကျိုးဆက်သည် အင်္ကျီချုပ်ဆိုင်များတွင် ဒေသထွက်အထည်များကို ဒီဇိုင်းမျိုးစုံဖြင့် လာရောက်အပ်နှံခြင်းများ အလွန်များပြားကြောင်း တွေ့ရှိကြားသိခဲ့ရပေသည်။ မြန်မာဖြစ်အထည်များဖြင့် ဝတ်ဆင်သွားလာကြသော မိန်းကလေးများကို နေရာအနှံ့တွေ့မြင်ရသည့်အခါ အောင်မြင်မှု၏ရလဒ်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။

အောင်မြင်လှသော ပြပွဲတစ်ရပ်ဟု ဆိုရမည်ပင်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆန်းသစ် တီထွင်ပြသနိုင်ခဲ့သည်။ တစ်မျိုးနှင့်တစ်မျိုး မရိုးရလေအောင် အမည်နာမမျိုးစုံ ခေါင်းစဉ်ရွေးချယ်၍ ကျင်းပနိုင်ခဲ့ကြသည်။ ရုပ်ရှင်သရုပ်ဆောင်များ၊ ဂီတပညာရှင်များ၊ အဆိုတော်များ၊ ဇာတ်သဘင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စသည့်အလွှာပေါင်းစုံမှ မေတ္တာဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲအား ဆန်းသစ်လှပသော အမည်နာမလေးများ ရွေးချယ်၍ ခေါင်းစဉ်ပေးထားသည်မှာလည်း တစ်နှစ်တစ်မျိုးလှပနေသည်။

၂၀၀၆ခုနှစ်တွင် တင်ဆက်ပြသမှုမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှ ဆံကေသာအလှပိုင်ရှင်မယ် ကလေးများက ရှားပါးလွန်းလှသော ရှည်လျားသော ဆံကေသာများကို ယဉ်ကျေးလှပ ရင်သပ်ရှုမောဖွယ် တင်ဆက်ပြသခဲ့သည်။

"မိန်းမတို့ဘုန်း ဆံထုံး" ဟူသော စကားရပ်နှင့်လိုက်ဖက်ညီစွာ တင်ဆက်ပြသနိုင်ခဲ့သည်မှာ မြန်မာမိန်းကလေးတို့၏ဂုဏ်ရည်ကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်ပေသည်။ တိုင်းရင်းသူများ၏ရိုးရာအလိုက် ဆံပင်ထုံးဖွဲ့မှုအမျိုးမျိုးနှင့် ခေတ်ပေါ်ဆံထိုးများ ဆင်ယင်၍ စိတ်ဝင်စားဖွယ် ပြသပေးနိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်တွင် "မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ" ဖြင့်လည်းကောင်း၊ ၂၀၁၀ပြည့်နှစ်တွင် "တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ" အမည်ဖြင့်လည်းကောင်း၊ ၂၀၀၉ခုနှစ်တွင် "အရွယ်သုံးပါး မိန်းမသား အလှဝေဖြာမေမြန်မာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင်"ဆယ့်နှစ်လရာသီအလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း တစ်နှစ်တစ်မျိုး ပုံစံမျိုးစုံဖြင့် ဖော်ညွှန်းပြသခဲ့သည်။

ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံ့ဂုဏ်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံကြီးသားပီပီ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်များအပြည့်အဝရှိသင့်ပါသည်၊ ရှိကြပါသည်။ ယဉ်ကျေးမှုတွင် ဘာသာတရားနှင့် ယဉ်ကျေးမှု၊ စာပေနှင့်ယဉ်ကျေးမှု၊ ဂီတနှင့်ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုနှင့် ယဉ်ကျေးမှုဟူ၍ သတ်မှတ်ထားပေသည်။

မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော်ရှိသောအရွယ်သုံးပါး မိန်းမသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှုများအား နေရာရွေး၍ဝတ်ဆင်တတ်ကြရန် အထူးလိုအပ်လှပါသည်။

ခေတ်ရေစီးကြောင်းဘယ်လိုပင်ပြောင်းသော်လည်း သူ့နေရာနှင့်သူ ဝတ်တတ်၊ နေတတ်၊ သွားတတ်၊ စားတတ်ရပေမည်။ အတုယူသင့်တာယူ၍ မယူသင့်သည်ကို ရှောင်ရှားသင့်လှပေသည်။ မိမိ"တန်ဖိုး"ကို မိမိ၏ "သိက္ခာ"ဖြင့်သာ မြှင့်တင်နိုင်ပေသည်။

မြန်မာမိန်းကလေးများ၏ အလှအပကို လုံခြုံလှပစွာ ဝတ်စားဆင်ယင်ခြင်းဖြင့် ကျက်သရေရှိသော၊ ယဉ်ကျေးသော အလှများကို နည်းပေးလမ်းပြသဖွယ် လက်တွေ့ဖန်တီးပြသနိုင်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နှစ်စဉ်မပြတ် တင်ဆက်ပြသလာသည်မှာ ကိုးနှစ်သို့ပင် တိုင်ခဲ့ပေပြီ။

"မြန်မာအမျိုးသမီးများနေ့" ကို ဂုဏ်ပြုတင်ဆက်ရင်း ပေါက်ဖွားလာခဲ့သော "လုံခြုံလှပ အမျိုးသမီးဘဝ ဆင်ယင်ထုံးဖွဲ့မှုပြပွဲ" သည် ယခုနှစ်တွင် "တင့်လှပေဟန် အသွင်သဏ္ဍာန်၊ ရောင်စုံခြယ်သ မေမြန်မာအလှ" ဟူသော ခေါင်းစဉ်ဖြင့် တင်ဆက်ပြသခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်သော "မြန်မာအမျိုးသမီးများနေ့"ကို ကြိုဆိုဂုဏ်ပြုရင်း တင်ဆက်လာခဲ့သည်မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့၏ လူပြောင်းသော်လည်း မူမပြောင်းဘဲ လက်ဆင့်ကမ်းအမွေအဖြစ် အစဉ်အလာကို မပျက်ယွင်းရလေအောင် ကြိုးပမ်းစွမ်းဆောင်မှုများပင်ဖြစ်ပေသည်။

မြန်မာအမျိုးသမီးကလေးများ၏ ယဉ်ကျေးလှပလုံခြုံစွာ ဝတ်စားဆင်ယင်ပြသသည့် ဤပြပွဲသည် "ယဉ်ကျေးမှုထိန်းသိမ်းရေးတာဝန်" တစ်ရပ်အား တစ်ထောင့်တစ်နေရာမှ "အုတ်တစ်ချပ်၊ သဲတစ်ပွင့်"အဖြစ် အမြဲရှင်သန် ဖြစ်တည်နေမည်သာဖြစ်ပါကြောင်း တင်ပြရင်း ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော **"မြန်မာအမျိုးသမီးများနေ့"** အကြိုဂုဏ်ပြုလိုက်ပါသည်။

မြန်မာအမျိုးသမီးကလေးများ အမျိုးဘာသာ၊ ယဉ်ကျေးမှုကိုဝိုင်းဝန်းထိန်းသိမ်းနိုင်ကြပါစေ။ ။

ဒုတိယသမ္မတ ဒေါက်တာ စိုင်း မောက် ခမ်း ရီယိုဒီ ဂျနေးရိုးမြို့ရှိ ၂၀၁၄ ဖီဖာ ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲကို ဘရာဇီးနိုင်ငံတွင် အောင်မြင်စွာကျင်း ပ နိုင် ရေး အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်နေ မှု များ ကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဒုတိယသမ္မတသည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရီယိုဒီဂျနေးရိုးမြို့ရှိ ဘရာဇီးနိုင်ငံ၏ ရေနံကုမ္ပဏီကြီးတစ်ခုဖြစ်သော Petrobras ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ကုမ္ပဏီ၏ ရေနံထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများတွင် Petrobras ကုမ္ပဏီမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ဒုတိယသမ္မတသည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် Porto Bay ဟိုတယ် အစည်းအဝေးခန်းမ၌ ဘရာဇီးနိုင်ငံ၏ သတင်းအချက်အလက်၊ နည်းပညာနှင့် Software ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော Softex ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံရာတွင် ကုမ္ပဏီမှ International Business Manager Mrs. Glaucia Critter Chiliatto က e-government နှင့် Finance လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် မြန်မာနိုင်ငံ၏ IT နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လိုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇွန် ၃၀

ပညာရေးဝန်ကြီးဌာန ၂၀၁၂ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာနရုံး၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီး ဦးဘရွှေတို့က ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။ **(ယာပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရုံးဝန်ထမ်းများအား ပျိုးပင်များကို ပေးဝေကြပြီး အရာထမ်း၊ အမှုထမ်းများ၏ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတွင် ရတနာတန်းဝင် ကျွန်းနှင့်ပိတောက်၊ ခရေ၊ ကံ့ကော်၊မဟော်ဂနီ၊ ပျဉ်းကတိုး၊ မဲဇလီ၊ စိန်ပန်းကြီး၊ တမာ၊ ကုက္ကို၊ မန်ကျည်း၊ ယူကလစ်၊ အော်ရီးရှား၊ ပန်းမဲဇလီ၊စွယ်တော်၊ ငုရွှေဝါစသည့် ပျိုးပင်ပေါင်း ၁၅၅၇ ပင် စိုက်ပျိုးပေးခဲ့ကြပြီး ရွှေဝါငါးကြင်း၊ငါးမြစ်ချင်း၊ တီလားပီးယား၊ မြက်စားငါးကြင်းနှင့် ငါးခုံးမကြီး စသည့် ငါးပေါက်ကောင်ရေ ၁၀၃၅၀ ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ခလစာနှင့် ခံစားခွင့်အပြည့်အဝရရှိရန် ထိုင်းရောက် မြန်မာအလုပ်သမားများအရေး ဆွေးနွေးပြီ

နေပြည်တော် ဇွန် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆုံကိရက် ချာယာဝရီဝေါင်းအား ဇွန် ၂၉ ရက် ညနေ ၄နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်က ထိုင်းနိုင်ငံတွင် တရားမဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြဿနာမှာ နှစ်ပေါင်း ၃၀၊ ၄၀ ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အစိုးရအဆက်ဆက်ဖြေရှင်းရန် ကြိုးစားခဲ့သော်လည်း အဖြေမထွက်ခဲ့ပါကြောင်း၊ လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်အချို့ရရှိကာ တရားမဝင်မြန်မာအလုပ်သမားများအား တရားဝင်ဖြစ်စေပြီး လက်တွေ့ဆောင်ရွက်မှုများကို လွန်ခဲ့သောသုံးနှစ်က စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မူလက နယ်စပ်မြို့သုံးမြို့ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် နောက်ပိုင်းတွင် ထိုင်းနိုင်ငံအတွင်း နေရာခြောက်ခုတွင် စခန်းခြောက်ခုဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ရာ ယနေ့ထိ မြန်မာအလုပ်သမား ၁ ဒသမ ၀၂ သန်းခန့်ကို ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သန်းဂဏန်းအရေအတွက် ရရှိအောင် လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရပါသော်လည်း မဆုတ်မနစ် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် နှစ်နိုင်ငံတာဝန်ရှိသူများအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ သို့သော်ဆက်လုပ်ရန်များကျန်ရှိနေပါသေးကြောင်း၊ နောက်ထပ် မြန်မာအလုပ်သမား တစ်သန်းခန့် ထိုင်းနိုင်ငံတွင် တရားမဝင်အဖြစ် ကျန်ရှိနေသေး၍ ရရှိပြီးရလဒ်နှင့်ပင် ကျေနပ်မနေဘဲ အရှိန်မြှင့်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ထိုကဲ့သို့ ကျန်နေသူများအနက် အချို့မှာ ထိုင်းတပ်ဖွဲ့များ၏ ဖမ်းဆီးခံရပြီး မဲဆောက်နယ်စပ်သို့ နေ့စဉ် ၁၀၀ ခန့် ပြန်ပို့ခံနေရသည်ဟု ကြားသိရပါကြောင်း၊ ထိုကဲ့သို့ ပို့ခံရသူအများစုမှာ လူမှောင်ခိုများ၊ မသမာသူများလက်သို့ အများစုရောက်ရှိသွားကြသည်ဟု လေ့လာသိရှိရသဖြင့် စိတ်ပူပန်မိပါကြောင်း၊ ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံ၏ တည်ဆဲစည်းမျဉ်းများ ချိုးဖောက်၍ ယခုကဲ့သို့ ပြန်ပို့ခံရသည်ဟု နားလည်ပါကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ထိုင်းနိုင်ငံသို့ ရောက်ရှိစဉ် ထိုင်းနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာရမည်ကို သိရှိပါကြောင်း၊ သို့သော် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီး တရားမဝင် မြန်မာအလုပ်သမားများကို ဖမ်းဆီးခြင်း၊ ပြန်ပို့ခြင်း မလုပ်ဘဲ မြန်မာသံရုံးသို့ အကြောင်းကြားပေးစေလိုပါကြောင်း၊ ဤသို့ဆိုလျှင် သံရုံးအနေဖြင့် အချိန်တိုအတွင်း ၎င်းတို့ကို တရားဝင်ဖြစ်စေရန် ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ၂၀၀၇ ခုနှစ်က အာဆီယံနိုင်ငံ ခေါင်းဆောင်များ ဖိလစ်ပိုင်နိုင်ငံ Cebu တွင် လက်မှတ်ရေးထိုးခဲ့သည့် Cebu Declaration တွင်လည်း ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ လက်ခံသည့်နိုင်ငံအနေဖြင့် ဆောင်ရွက်ရန်တာဝန်များကို အတိအလင်းဖော်ပြထားပါကြောင်း၊ ထို့ပြင် တရားဝင်မြန်မာအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံ အလုပ်သမားများနည်းတူ လုပ်ခလစာနှင့် ခံစားခွင့်များ အပြည့်အဝရရှိရေးဖြစ်ပါကြောင်း၊ ၎င်းကိစ္စကို ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ် Mr. Chalerm နှင့် ဆွေးနွေးခဲ့သည်ဟု သိရှိရပါကြောင်း၊ ၎င်းအနေဖြင့် ထိုင်းနိုင်ငံရောက်စဉ် ယခုကဲ့သို့မြန်မာအလုပ်သမားများဘက်မှ ရပ်တည်ပြောကြားခဲ့၍ ကျေးဇူးတင်ပါကြောင်း၊ သို့ရာတွင် မိမိတို့ အစိုးရနှစ်ရပ်လက်တွဲပြီး ယခုကိစ္စရပ်ကို ဆောင်ရွက်နေသည်မှာ ခုနစ်နှစ်ရှိပြီဆိုသည်ကို မြန်မာအလုပ်သမားများသိစေလိုပါကြောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလက ထိုင်းနိုင်ငံရှိ ၇၇ ပြည်နယ်မှ အလုပ်သမားများ၏ လုပ်ခလစာကို ၄၀ရာခိုင်နှုန်း တိုးမြှင့်ပေးရန် အလုပ်သမားဝန်ကြီးဌာနမှ အမိန့်ထုတ်ပြန်ခဲ့ရာ ဗန်ကောက်၊ ဆမွတ်ဆခွန်၊ ပထွန်သာနီ၊ နခွမ်ပထွန်၊ နွမ်သာဘူရီ၊ ဆမွတ်ပရာခမ်နှင့် ဖူးခက်စသည့် ပြည်နယ်ခုနစ်ခုတွင်သာ နေ့စဉ်လုပ်ခ ဘတ် ၃၀၀ ကျော်သည်ကို လေ့လာသိရှိရပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီးနှစ်ပေါင်းများစွာကစတင်ခဲ့သည့် မြန်မာအလုပ်သမားပြဿနာကို မိမိတို့အစိုးရနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုင်းနိုင်ငံသည် အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ချမှတ်ထားသည့် ဥပဒေစည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရောက် တရားဝင်၊ တရားမဝင်နှင့် တရားဝင်ဖြစ်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံ အလုပ်သမားများနည်းတူ ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ တရားမဝင်အလုပ်သမားများ လုံးဝပပျောက်သွားရန် မြန်မာအစိုးရနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်ဖက်ကြိုးပမ်းမှုကြောင့် ယခုအခါ မြန်မာနိုင်ငံမှ ပြောင်းရွှေ့လုပ်သားအတော်များများ တရားဝင်ဖြစ်လာပြီဖြစ်ပါကြောင်း၊ တရားမဝင် မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပပျောက်ကာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအားလုံး တရားဝင်အလုပ်သမားများ အမြန်ဆုံးဖြစ်လာရေးအတွက် မြန်မာအစိုးရအနေဖြင့် နိုင်ငံကူးလက်မှတ်များ အမြန်ဆုံးထုတ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ လုပ်ခလစာကြေညာချက်အပေါ် နားလည်မှုလွဲမှားသည်များရှိပါကြောင်း၊ အလုပ်သမားပြဿနာသည် လုံခြုံရေးသာမက နိုင်ငံရေး၊ စီးပွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်ပါကြောင်း၊ သို့ပါ၍ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းနှင့် ထိုင်းနိုင်ငံ သက်ဆိုင်ရာဌာနများသည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဆုံကိရက် ချာယာဝရီဝေါင်းတို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က "International Auditing Practices" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေး ငွေကျပ် ၁၆၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်းဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ပြည်သူ့ဗဟိုပြုဆက်သွယ်ရေးဝန်ဆောင်မှုသို့ပြောင်းလဲမည် ခေတ်စနစ်နှင့်အညီ မပြတ်မနေပြောင်းလဲရေးဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ယခင်က ဆက်သွယ်ရေးကဏ္ဍသည် ဌာနကသာစီမံသည့် ဌာနဗဟိုပြု ဆက်သွယ်ရေး ဝန်ဆောင်မှုကိုသာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပြည်သူ့ဗဟိုပြုဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကဆက်သွယ်ဖြစ်ရာ ထိုရည်မှန်းချက်ပြည့်မီရေးအတွက် ဆက်သွယ်ရေးကဏ္ဍအနေနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးအစီအစဉ်သည် ခေတ်စနစ်နှင့် ကိုက်ညီသည့် ဆောင်ရွက်မှုဖြစ်သည့်အတွက် ဤကိစ္စကိုမပြတ်မနေဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့ ဆက်သွယ်ရေးကဏ္ဍကို

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေးကဏ္ဍကို ပြည်သူ့ဗဟိုပြုဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲရေး (Reform Plan) ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှုကဏ္ဍကို အရည်အသွေးမီစွာ သုံးစွဲလိုသကဲ့သို့ အင်တာနက်ကိုလည်း မြန်မြန်ဆန်ဆန်အသုံးပြုလိုကြပြီး ဈေးနှုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေလိုကြကြောင်း၊ မိမိတို့အနေဖြင့် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်ရှိကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်ယှဉ်နိုင်ရန်လိုအပ်ချက်များစွာရှိနေသေးကြောင်း၊ ယခင်ပုံစံအတိုင်းဆိုပါက ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ရေးအတွက် အကန့်အသတ်ရှိမည်ဖြစ်သည့်အတွက် အတိတ်ကို သင်ခန်းစာယူပြီး ပြည်သူ့ဗဟိုပြုဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲသွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပျမ်းမျှတစ်ဦးကျ ဂျီဒီပီကို အခြေခံနှစ်ထက် (၃)ဆတက်အောင် ကြိုးစားသွားမည် ပြုပြင်ပြောင်းလဲရေးလုပ်ရာတွင် တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများ၊ ကန့်သတ်ချက်များနှင့် အခက်အခဲများကို ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအား ပြည်သူ့ဗဟိုပြု ဆက်သွယ်ရေး ဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲရေး(Reform Plan) အောင်မြင်ရေးအတွက် အားလုံးက စိတ်တူကိုယ်တူဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်းကို ဇွန် ၂၉ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကို ပြည်သူ့ဗဟိုပြု ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲရေး (Reform Plan) ညှိနှိုင်းဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့် တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာများက ပြည်သူ့ဗဟိုပြုဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ ပြုပြင်ပြောင်းလဲရေး (Reform Plan) ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော် သင်တန်းအမှတ်စဉ် (၂၂) ဆင်းပွဲအခမ်းအနားတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော် သင်တန်းအမှတ်စဉ် (၂၂) ဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၃၀

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်စဉ်(၂၂)ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက သင်တန်းဆင်း ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက ရဟန်းတော်များအား သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က သင်တန်းနည်းပြ ဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို နယ်စပ်နှင့်တောင်တန်းဒေသများသို့ ကြွရောက်သာသနာပြုကြမည့် ရဟန်းတော်များ အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချသင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ကာ သင်တန်းသား ရဟန်း ၄၂ ပါး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

▲ *ကျောဖုံးမှ*

ဒေါ်ရီရီမိသားစု မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်းများအသင်း၊ မိခင်ကြီးဒေါ်ကြင်လှ၊ သား ကပ္ပတိန် ဦးဌေးမြင့်နှင့် ဦးအောင်မြင့်ဦး -ဒေါ်မြင့်မြင့်စိန် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဒေါ်စန်းစန်းမြင့် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးမင်းမောင်ကြီး-ဒေါ်မြင့်မြင့်သန်း မိသားစုနှင့် ဒေါ်ခင်စန်းမြင့်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးသာထွန်း-ဒေါ်လုံးမမိသားစုက ငွေကျပ်တစ်သောင်းငါးထောင်နှင့် အဝတ်အထည် နှစ်ထုပ်၊ ကပ္ပတိန် ဦးနေဝင်း - ဒေါ်အေးမိစံ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ဆွေတင့်၊ ဒေါ်စန္ဒာမြင့် ညီအစ်မနှစ်ဦးက ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဦးစိန်လှ မိသားစုက ဆန်ငါးအိတ်၊ ဦးအောင်ဘိုဘိုလင်း မိသားစုက ဆန်သုံးအိတ်၊ ဦးစံထွန်း-ဒေါ်သင်းသင်းနွယ်မိသားစုက ငွေကျပ်တစ်သောင်း၊ အဝတ်အထည် လေးထုပ်နှင့် ဆန်တစ်အိတ်၊ ဒေါ်အုံးမြင့် မိသားစုက ငွေကျပ် ငါးထောင်နှင့် အဝတ်အထည် တစ်ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၀၉၃၉၀၂၉၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

သွားရောက်နိုင်ရန် တည်ဆောက်ခဲ့မှု မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုအားပေးသည်။ အဆိုပါ ကေဘယ်လ်ယာဉ်ကို ၁၉၁၂ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး Sugar Loaf Mountain သို့ နှစ်စဉ်ပြည်တွင်းနှင့် ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်ကြကြောင်း သိရှိရသည်။

ရီယိုဒီဂျနေးရိုးမြို့သည် ၁၉၉၂ ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သော Earth Summit ပြီးသည့် နောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် အလေ့အထ ပိုမိုအားပေးလာသည့်အတွက် မြင်တွေ့ရသည့် ပတ်ဝန်းကျင်တောတောင် နေရာတိုင်းလိုလိုပင် စိမ်းလန်းစိုပြည်သာယာလှပနေသည်ကို တွေ့ရှိရသည်။

ထို့နောက် ဒုတိယ အဆင့် တောင်ကုန်းသို့ ကေဘယ်လ်ယာဉ်ဖြင့် ဆက်လက်သွားရောက်ကြပြီး တောင်ကုန်းထိပ်မှနေ၍ မြို့ဝန်းကျင်၏ ရှုခင်းအလှနှင့် ဖွင့်လှစ်ထားသည့် အမှတ်တရပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ကမ္ဘာကျော် Christ Redeemer ရုပ်တုရှိရာ တောင်ကုန်းသို့ တောင်တက်ရထားဖြင့် သွားရောက်ကြပြီး Christ Redeemer ရုပ်တုတည်ဆောက်ထားမှုနှင့်တောင်ကုန်းထိပ်မှနေ၍ ရီယိုဒီဂျနေးရိုးမြို့၏ သာယာလှပမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ Christ Redeemerရုပ်တုရှိရာ တောင်ကုန်းမှာ ပင်လယ်ရေပြင်မှ အမြင့် မီတာ ၇၂၀ရှိပြီး ရုပ်တုကြီးမှာ ၃၈မီတာမြင့်မားသည်။ အဆိုပါ ရုပ်တုကြီးကို ၁၉၃၁ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်ပြည်တွင်းနှင့် ကမ္ဘာလှည့်ခရီးသည် နှစ်သန်းခန့် လာရောက်လေ့ရှိကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ဒုတိယသမ္မတသည် ညနေပိုင်းတွင် ရီယိုဒီ ဂျနေးရိုးမြို့ Copacabana ကမ်းခြေ၌ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် Engehao Stadium အားကစားကွင်း၌ အိမ်ရှင် Botafogo အသင်းနှင့် Ponte Preta အသင်းတို့ ယှဉ်ပြိုင်ကစားကြသည့် ပြည်တွင်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇွန် ၃၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၃၀ လက်မနှင့် ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ခြေစစ်ပွဲများကို သည်းထိတ်ရင်ဖိုစောင့်ကြည့်ရတော့မည် မြန်မာ၊ တောင်ကိုရီးယားနှင့်မလေးရှားတို့ အပြိုင်ဖြစ်နေပြီ

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှ ယူ-၂၂ ခြေစစ်ပွဲအုပ်စု(G) စတုတ္ထပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာတို့က ခြောက်ဂိုး-နှစ်ဂိုးဖြင့် တရုတ်(တိုင်ပေ)ကို အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အုပ်စု (G)တွင် မြန်မာ၊ တောင်ကိုရီးယားနှင့် မလေးရှားတို့ ခြေစစ်ပွဲအောင်မြင်ရေးအတွက် အပြိုင်ဖြစ်နေပြီဖြစ်ရာ သည်းထိတ်ရင်ဖိုစောင့်ကြည့်ရမည့် ခြေစစ်ပွဲများ ဖြစ်လာခဲ့သည်။

မြန်မာယူ-၂၂ -ခြောက်ဂိုး။
(ကျော်ဇေယျာဝင်း-သုံးဂိုး၊ ရန်အောင်ဝင်း နိုင်လင်းဦးနှင့်ကောင်းစည်သူ)
တရုတ်(တိုင်ပေ) - နှစ်ဂိုး
(လင်ချောင်လွန်နှင့် ဝမ်ချီဟို)

လေးပွဲစီကစားအပြီးတွင် ခြေစစ်ပွဲအောင်မြင်ရေးအတွက် အိမ်ရှင်မြန်မာ၊ တောင်ကိုရီးယားနှင့် မလေးရှားတို့ အပြိုင်ဖြစ်လျက်ရှိပြီး နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့မှာ နောက်ဆုံးပွဲ၌ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံနေပြီး မြန်မာအသင်းမှာ ရမှတ် ၁၀မှတ်ရရှိထားသောကြောင့် မလေးရှားနှင့်ပွဲတွင် သရေတစ်မှတ်ရရုံဖြင့် ခြေစစ်ပွဲအောင်မြင်နိုင်မည် ဖြစ်သည်။ ယနေ့ကစားခဲ့သောပွဲတွင်လည်း အိမ်ရှင်မြန်မာအသင်းမှာ ခြေစွမ်းပြနိုင်ခဲ့ပြီး တရုတ်(တိုင်ပေ)အသင်းကို ဂိုးပြတ်သွင်းနိုင်ခဲ့သည်။

အောင်ဆန်းကွင်း

မလေးရှား	-	သုံးဂိုး
ဗီယက်နမ်	-	ဂိုးမရှိ

သုဝဏ္ဏကွင်း

တောင်ကိုရီးယား	-	၁၀ဂိုး
ဖိလစ်ပိုင်	-	ဂိုးမရှိ

ယနေ့ပွဲအပြီးတွင် တောင်ကိုရီးယားနှင့် အိမ်ရှင်မြန်မာအသင်းတို့က လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ ၁၀ မှတ်စီ ရရှိထားပြီး မလေးရှားက သုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ဖြင့် တတိယနေရာတွင် ရှိနေကာ ခြေစစ်ပွဲအောင်မြင်ရန် ယင်းသုံးသင်း၏ လက်ကျန်ပွဲရလဒ်များက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

(၃-၇-၂၀၁၂)

သုဝဏ္ဏကွင်း
ညနေ ၃း၁၅ နာရီ

သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ဖိလစ်ပိုင် - တရုတ်(တိုင်ပေ)
ညနေ ၆း၁၅ နာရီ
မြန်မာ - မလေးရှား

အောင်ဆန်းကွင်း
ညနေ ၃း၁၅ နာရီ
တောင်ကိုရီးယား - ဗီယက်နမ်

တရုတ်(တိုင်ပေ) နောက်ခံလူများ ဂိုးသွင်းမခံရရေး မြန်မာအသင်းမှ ကြည်လင်း ဤသို့ ဟန့်တားကစားခဲ့ကြသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားယှဉ်ပြိုင်

ရန်ကုန် ဇွန် ၃၀

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားများက တန်းခုန်သရုပ်ပြကစားကြသည်။

ဆက်လက်၍ Show Jumping (အငယ်တန်း)ပြိုင်ပွဲကို ကျင်းပရာ နန္ဒာ (မြင်း-အိမ်)က ပထမ၊ မေဦး (မြင်း-ချစ်စနိုး)က ဒုတိယ၊ ဇာနည် (မြင်း-ငွေစလာမေ)က တတိယ ရရှိသွားသည်။

ထို့နောက် Barcel Race ပြိုင်ပွဲ၌ ဇာနည် (မြင်း-ငွေလာမေ)က ပထမ၊ မေဦး (မြင်း-ချစ်စနိုး)က ဒုတိယ၊ Stella (မြင်း-ရာဇာ)က တတိယ၊ မြင်းနှင့်ဘောလုံးပစ်ပြိုင်ပွဲ၌ အုပ်စုသုံးစုခွဲထားပြီး အုပ်စုအလိုက်ပါဝင်ယှဉ်ပြိုင်ကြရာ Group (B)အသင်းက ပထမ၊ Group (C)အသင်းက ဒုတိယရပြီး Group(A) အသင်းက တတိယရရှိကာ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စာသင်ကျောင်းနှင့် ဆေးပေးခန်း ပန်နယ်ရွာ၌ တည်ဆောက်ပေးမည်

တာချီလိတ် ဇွန် ၃၀

တာချီလိတ်မြို့နယ် ပန်နယ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးစေရန် စာသင်ကျောင်းနှင့် ဆေးပေးခန်းများ ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှုန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူတို့သည် ဇွန် ၁၇ ရက်က မိုင်းဟဲ ကျေးရွာအုပ်စု ပန်နယ်ကျေးရွာသို့သွားရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ဒေသခံတိုင်းရင်းသားများက လက်ရှိကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ အစိုးရမူလတန်းကျောင်းအဆင့်ရရှိရေး၊ မြို့နှင့်ဝေးကွာသဖြင့် ကျေးလက်ဆေးပေးခန်း ရရှိရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များကို လားဟူတိုင်းရင်းသားဝန်ကြီးက ဆွေးနွေးပြောကြားပြီး ဒေသခံများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လားဟူတိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့သည် မူလတန်းကျောင်းဆောင်ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုရွေးချယ်ကြသည်။ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာသည် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်သည့်အပြင် အားကစားကွင်းပါ ဆောက်လုပ်နိုင်မည့်မြေနေရာကို ရွေးချယ်ခဲ့ကြသည်။ ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဘိလပ်မြေအိတ် ၅၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နိုင်ငံသားစိစစ်ရေးကတ်များ ဗဟန်း၌ပေးအပ်

ရန်ကုန် ဇွန် ၃၀

ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်အရ ကွင်းဆင်းဆောင်ရွက် ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးရဲထွန်းက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ်လဝက)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၄၀	**အသေလွှတ်ချင်လျှင် ဥာဏ်အားထုတ်** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆:၅၀	ခေတ်မီလက်ရာများနှင့်အပြိုင်… နေလနှစ်ပါးသိဒ္ဓိရတနာဆိုင်
၁၂:၃၀	Kid's Show
၁:၄၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များ
၃:၂၀	Fashion Week (Hair Stylist ဥက္ကာထက်) (Part-1)
၅:၁၅	သွားမယ်စားမယ် [Kiuwa Namlip (Thai Food Restaurant)]
၅:၂၅	Sunday Talk (ဒေါက်တာဒေါ်သက်သက်ခိုင်၊ မျိုးမြတ်သူ)
၈:၀၀	MRTV-4 သတင်း
၁:၁၅	အမျိုးသားများနှင့်ပတ်သက်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ထွန်းထွန်း၊မိုးမိုး၊ ကျော်ကျော်ဗို)
၁:၃၅	World of Knowledge (My Brilliant Brain Accidental Genius)
၂:၂၀	ပြီးပြည့်စုံသော ကျန်းမာခြင်းများနှင့်…
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၄၀	ဆုပန်ရည်စူးအရောက်ဖူး… မြတ်ဘုရားဖောင်တော်ဦး

သံဃာအပါး ၁၀၀ ကျော်အား လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်

ပုသိမ် ဇွန် ၃၀

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်တွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ကျောင်းတိုက်များမှ သံဃာတော်အပါး ၁၁၀အား ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့် ဇနီးဒေါ်ခင်မလေး မိသားစုနှင့် အလှူရှင်များစုပေါင်းပြီး လှူဖွယ်ပစ္စည်းနှင့်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့အပြင် စတုဒိသာ ထမင်းနှင့်ဟင်း ကျွေးမွေးလှူဒါန်းရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူနှစ်သိန်းကျော် လာရောက်စားသုံးကြသည်။ အလားတူ ရေကြည်မြို့နယ်ကျားချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်လည်း လူပေါင်းတစ်သိန်းကျော်ကိုကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ဝဇ၃)

ကျောင်းဝတ်စုံများပေးအပ်

မိုင်းဖြတ် ဇွန် ၃၀

ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းတစ်ရပ်အဖြစ် မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပုံကျဈေးသည်များ၏ သားသမီးများဖြစ်သော ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၇ ရက်က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးက ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အလှူငွေများပေးအပ်လှူဒါန်း

ပြင်စလူ ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ဗိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု မြရာကုန်းကျေးရွာ၌ ဓမ္မာရုံဆောက်လုပ်ရန် မတည်ငွေကျပ် ၁၀သိန်း၊ ဘိုကုန်းကျေးရွာ၌ ဓမ္မာရုံဆောက်လုပ်ရန် မတည်ငွေကျပ်သိန်း ၄၀ စုစုပေါင်းအလှူငွေကျပ် သိန်း၅၀နှင့် မြရာကုန်းကျေးရွာတွင် သောက်ရေကန်တူးဖော်ဆောက်လုပ်ရန်အတွက် အလျားပေ ၁၂၀၊ အနံပေ ၁၂၀ အကျယ်ရှိ မြေနေရာကို အလှူရှင် ဗိုလ်မှူးကျော်ဇင်(ငြိမ်း)-ဇနီး(ဒေါ်တင်တင်ဝင်း) မိသားစုက ဘိုကုန်းကျေးရွာ ဂေါပကအဖွဲ့ထံသို့ ဇွန် ၂၄ ရက် နံနက် ၉ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ညောင်လေးပင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ညောင်လေးပင် ဇွန် ၃၀

ညောင်လေးပင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၅ ရက်ကကျင်းပရာ ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်သစ်တောဝန်ထမ်းများက ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ယမနေ၊ ငုချယ်ရီ၊ ကုက္ကိုနှင့် ခရေ စုစုပေါင်းပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်းသိရှိရသည်။ (အောက်ပုံ)

(မြို့နယ်သစ်တော)

မြစ်ကြီးနား၌ ငွေကျပ် ၁၄ သိန်းကျော်တန်ဖိုးရှိ အဝတ်ဘိန်း(အဆင့်နိမ့်ဘိန်း)များ ဖမ်းဆီးရမိ

မြစ်ကြီးနား ဇွန် ၃၀

မြစ်ကြီးနားမူးယစ် (အထူး)အဖွဲ့မှ ရဲအုပ်ထန်းနိမ် ဦးစီးသော တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဇွန် ၁၅ ရက် ညနေ၃ နာရီက ကျွန်းပင်သာရပ်ကွက် ဇော်ဂျွန်းလမ်းမကြီးပေါ်ရှိ ပြည့်ဖြိုးအောင်စားသောက်ဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် အောင်ပိုင် မောင်းနှင်ပြီး ဘိုဘိုစီးနင်းလိုက်ပါလာသည့် KENBO 125 ဆိုင်ကယ်နှင့် သန်းမြင့် မောင်းနှင်သည့် AMBO 125 ဆိုင်ကယ်တို့အား မသင်္ကာဖွယ်တွေ့ရှိရ၍ ရပ်တန့်ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် အောင်ပိုင်၏ ညာဘက်လက်တွင် ကိုင်ဆောင်ထားသော အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ ကာလတန်ဖိုးငွေကျပ် ၁၄၂၂၀၀၀ရှိ အဝတ်ဘိန်း (အဆင့်နိမ့်ဘိန်း) ၁ ဒသမ ၁၈၅ ကီလိုခန့်ကို သိမ်းဆည်းရမိသဖြင့် မြစ်ကြီးနား မြို့လယ်ကုန်း ရပ်ကွက်တွင် နေထိုင်သူများဖြစ်ကြသည့် အောင်ပိုင်(၄၉)နှစ်(ဘ)ဦးသန်းမြင့်၊ ဘိုဘို(ခ) အောင်ဘိုဘိုဝင်း (၃၂) နှစ် (ဘ) ဦးအောင်ဝင်း၊ သန်းမြင့်(၄၃)နှစ် (ဘ) ဦးကျော်မြင့်တို့အား မြစ်ကြီးနားမြို့ အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(ဝဇ၂)

မြန်မာ့အလင်း

မှူ ခင်း သ တင်း

နေပြည်တော် အာဟာရသုခဈေးကြီး ရာသီပေါ်သီးနှံများ စားသုံးသူများထံ ဖြန့်ဖြူးပေး

သတင်းဆောင်းပါး

ကျော်သူဝင်း

ဓာတ်ပုံမှတ်တမ်း

သီဟ(မြန်မာ့အလင်း)

နေပြည်တော် ဇွန် ၃၀

ရှမ်းပြည်နယ်မှ သီးနှံများ၊ တပ်ကုန်းမြို့နယ်မှ လတ်ဆတ်သော သီးနှံများအပြင် နေပြည်တော်နှင့် အနီးဝန်းကျင်ဒေသများမှ သီးနှံများကို မြန်မာနိုင်ငံအနှံ့သို့ လက်ကားဖြန့်ပေးနေသော ဈေးကြီးတစ်ဈေးမှာ နေပြည်တော် အာဟာရသုခဈေးကြီးဖြစ်သည်။

နေပြည်တော် အာဟာရသုခဈေးကြီးသည် ကုန်ရောင်း၊ ကုန်ဝယ်သူများဖြင့် နေ့ရောညပါ စည်ကားလျက်ရှိသည်။ ယင်းဈေးကြီးတွင် ပွဲရုံပေါင်း ၁၀၀ ကျော်ရှိသည်။ ဈေးရုံကြီးတစ်ရုံလျှင် ဆိုင်ခန်း ၂၄၀ပါ ဈေးရုံကြီးငါးရုံရှိသောကြောင့် ဆိုင်ခန်း စုစုပေါင်း ၁၂၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းဈေးကြီးတွင် ညဈေးပါ ရောင်းချလျက်ရှိသည်။ နေ့ဈေးကို နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ရောင်းဝယ်လျက်ရှိပြီး ညဈေးကို ညနေ ၃ နာရီမှ ည ၉ နာရီအထိ ရောင်းချလျက်ရှိသည်။

၎င်းဈေး၌ အများဆုံး ဖြန့်ဖြူးရောင်းချနေသော သီးနှံများမှာ ရှမ်းပြည်နယ်မှထွက်သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ ခရမ်းချဉ် စသည့် ရာသီပေါ်သီးနှံများဖြစ်ကြသည်။ ဈေးတွင် ရှမ်းကုန်များ၊ သားငါးဆိုင်များ၊ ကုန်ခြောက်ဆိုင်များအပြင် တပ်ကုန်းမြို့နယ်မှ ထွက်ရှိသော စားပြောင်းဖူး၊ ခရမ်းသီး၊ ငရုတ်၊ မုန်လာဥစသည့် ဒေသထွက်ကုန်များ ရောင်းချလျက်ရှိသဖြင့် ရောင်းသူဝယ်သူများနှင့် အထူးစည်ကားလျက်ရှိသည်။

တပ်ကုန်းမြို့နယ်မှ စားပြောင်းဖူးရောင်းသူတစ်ဦးကို မေးမြန်းရာ “ကျွန်တော်က ဒီစားပြောင်းဖူးတွေ အာဟာရသုခဈေးကြီးကို လာရောင်းတာပါ၊ စားပြောင်းစိုက်တောင်သူတစ်ဦးပါ၊ ကုန်သည်ပွဲစားတွေက ကျွန်တော်တို့ စိုက်ခင်းထဲအထိ ဆင်းဝယ်ပါတယ်၊ ဒါပေမယ့် ဈေးနှုန်းက ဒီကဈေးနဲ့ ကွာတယ်လေ၊ ပြောင်းဈေးကလည်း အရမ်းအေးတယ်၊ စိုက်ခင်းဈေးက တစ်ဖူးကို ကျပ် ၄၀၊ ၅၀ လောက်ပဲ ရောင်းရတယ်၊ ယခုရာသီမှာ ပြောင်းစိုက်ရတာ အမြတ်နည်းပါတယ်၊ မျိုးစရိတ်တွေနဲ့ ကားခတွေ၊ လုပ်အားခအရင်းအနှီးတွေ ဈေးကြီးတော့

ရှမ်းကုန်စည်ဆိုင်တွင် ရှမ်းပြည်နယ်မှ တိုက်ရိုက်သယ်လာသော ကြက်သွန်နီအိတ်များကို ဤသို့တွေ့ခဲ့ရသည်။

စားပြောင်းစိုက်တဲ့ တောင်သူတွေအတွက် တွက်ခြေမကိုက်ဘူး၊ နောက်ဆုံး ဒီဈေးကြီးကို ကိုယ်တိုင်လာရောင်းရပါတယ်”ဟု ပြောပြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ရှမ်းကုန်စည်များကို သီးသန့်ရောင်းချသော ပြည့်ဖြိုးအောင် ရှမ်းကုန်စည်ပွဲရုံမှ ဦးအောင်လင်းအား တွေ့ဆုံစကားပြောကြည့်ရာ “ကျွန်တော်တို့ကတော့ ရှမ်းကုန်စည်ကိုပဲ အဓိကရောင်းတာပါ။ ရှမ်းပြည်နယ်က ကိုယ်တိုင်သယ်၊ ကိုယ်တိုင်ရောင်း လက်လီလက်ကား ရောင်းပါတယ်။ နေ့စဉ် ကားအဝင် အနည်းဆုံး ခြောက်စီးရှိပါတယ်။ ယခု အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီပန်းပွင့်၊ ခရမ်းချဉ်သီးတွေ အဝင်များပါတယ်။ ရှမ်းသီးနှံက တစ်နှစ်မှာ ရှစ်လလောက်အထိထွက်လို့ အရောင်းအဝယ် မပြတ်ပါဘူး။ ဂေါ်ဖီ၊ ပန်းဂေါ်ဖီတွေက တပ်ကုန်းမြို့နယ်က သီးနှံတွေတုံးမှ ရှမ်းပြည်နယ်က ဂေါ်ဖီ၊ ပန်းဂေါ်ဖီတွေ စဝင်လာပါတယ်” ဟု ပြောပြသည်။

ဈေးကြီးသို့ သွားရေးလာရေး အဆင်ပြေရန်နှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန်အတွက် တော်ဝင်ယာဉ်လိုင်း၊ မြို့တွင်း မထသလိုက်ထရပ်ယာဉ်များ ပြေးဆွဲလျက်ရှိသည်။ ဈေးကို သန့်ရှင်းစေရန်အတွက် အမှိုက်သိမ်းကားများဖြင့် နေ့စဉ် အမှိုက်များသိမ်းဆည်းပေးလျက်ရှိသည်။ ထို့ပြင် ခြင်ဆေးများလည်း တစ်ပတ်တစ်ကြိမ် ဖျန်းပေးလျက်ရှိသည်။

ဈေးလုံခြုံရေးနှင့် မီးဘေးအတွက် လုံခြုံရေးအဖွဲ့ထားရှိကာ မီးဘေးအတွက် အထူးဂရုပြု ကြပ်မတ်လျက်ရှိကြောင်း သိရှိရသည်။ ဟိုးယခင်ကာလများက ဤဒေသမှထွက်ရှိသော သီးနှံများကို ဈေးကွက်ကျယ်ပြန့်စွာ ရောင်းချရန် ခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုများလည်း နှောင့်နှေးခဲ့ရပြီး သီးနှံစိုက်တောင်သူများနှင့် ကုန်သည်များလည်း ဝင်ငွေနည်းပါးခဲ့ရသည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးများ လွယ်ကူမြန်ဆန်လာသဖြင့် အာဟာရသုခဈေးကြီးသို့ လတ်ဆတ်သော သီးနှံများ၊ ရှမ်းပြည်နယ်မှ ထွက်ရှိသော သီးနှံများ အချိန်တိုအတွင်း ရောက်ရှိကာ စားသုံးသူဈေးကွက်သို့ နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စာရေးဆရာညီလာခံ အတွေ့အကြုံရှင်း

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံ ဖွင့်ပွဲနှင့် ရွေးချယ်တင်မြှောက်ပွဲအတွက် အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ပန်းဘဲတန်းမြို့နယ် ၃၂ လမ်း(အလယ်) အမှတ် ၁၂၉-၁၃၁ (မြေညီထပ်)ရှိမြို့နယ်စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ထူးဆောင်နာယက သချာဦးအောင်သောင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဆရာရန်ကြီးအောင်တို့က အမှာစကားပြောကြားကြသည်။

အတွေ့အကြုံ ရှင်းလင်းပွဲတွင် ညီလာခံကိုယ်စားလှယ် ဝါးခယ်မ စိုးမြင့်အောင်(ဖျံငါးကောင်)က ညီလာခံအတွေ့အကြုံများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)၏ တာဝန်ဝတ္တရားများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး **(ယာပုံ)** အသင်းဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ် သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)က လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

• GIA, HRD, IGI Certificate ... I,J, K Colour ... (Rapaport) ... 1% ... 10% ... Discount ...

စိန်ရွှေရတနာဆိုင်

စိန်ရောင်းချင်လို့ပါ

• Same Cutting ... Standard Brilliant Cut ... Cutting ...
• Same Colour ... (E, F, G Colour) ...
• Same Purity ... (IF, VVS, Quality ...) VS Quality ...

ဆရာ ဒေါက်တာ ဉာဏ်လင်း

Teacher Elizabeth (a) Mia Lin

Academy of Medical Science, Engineering & Management Education

Tel: 09-7303 9050, 09-4312 9900, 01-230 1095

S.S ခင်မောင်အေး

သင်္ချာ သင်ရိုးကုန် စာအုပ်များ

Ready-made Notes

(Definition ...)

ပျောက်ဆုံးကြောင်း

ကျွန်မ မယဉ်ဝင်းအေး ၇/ပတန(နိုင်)၀၉၃၁၉၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၅၃-၂၄၉၃၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်စိုးမင်းအောင် ၅/တမန(နိုင်)၀၃၆၂၉၇ ၏ နိုင်ငံကူးလက်မှတ် PP-No.၈၀၆၄၁၅သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ ဖုန်း-၃၈၀၈၇၈

အယ်ဒီတာချုပ်ရဲ့
စီမံခန့်ခွဲမှုနဲ့ကင်းပြီး
ထွက်ခဲ့ရတဲ့ သရုပါမဂ္ဂဇင်းပါ။
ရွက်မရှိ တက်မရှိတဲ့
လှေတစ်စင်းလိုဖြစ်နေခဲ့ရင်လည်း
စာဖတ်ပရိသတ်ကြီးက
စာနာနားလည်စိတ်နဲ့ဖေးမကူပြီး
ဖတ်ရှုပေးကြပါနော်...

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်သစ်တောကြိုးဝိုင်းရှိ ဦးမောင်လှ အမည်ပေါက် ပိုင်ဆိုင်လျက် နှစ်၃၀ဂရန်ရှိ ဧရိယာ ၆၈၀ဒသမ ၉၇ဧကအနက်မှတရားဝင်မခွဲစိတ်ရသေးသော မြေဧက၂၁၀ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ စိုက်ပျိုးထားသော ရော်ဘာသစ်ပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အပါအဝင်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ သုံးရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၄၆၇)
ဖုန်း-၀၉-၄၉၃၀၅၅၀၃

အမည်ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၈နေ ဦးသိန်းမြင့်မွန်-ဒေါ်ခင်စန်းမြင့်တို့၏သမီး ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(F)မှ မခိုင်သဇင်မွန်(ခ)မမိုးသဇင်မြင့် အားယနေ့မှစ၍ မခိုင်သဇင်မွန်ဟုပြောင်းလဲခေါ်ပါရန်။

မခိုင်သဇင်မွန်

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၆K၊ မြေကွက်အမှတ် ၁၁၁A/၉.၆၊ ၁၁၁A/၁၆-၂B°၊ မြေကွက်တည်နေရာအမှတ် ၅၄၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ် ဦးသန်းနိုင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးသန်းနိုင်ထံမှ အရောင်းအဝယ်စာချုပ် ၆၅၆၄/၁၁ (၁၈-၁၀-၂၀၁၁)၊ အမှားပြင်စာချုပ် ၆၈၄၈/၁၁ (၃၁-၁၀-၂၀၁၁)ဖြင့် ပိုင်ဆိုင်သူ မိခင်ဒေါ်သန်းသန်း-ဖခင် ဦးဘသန်းဟက်တို့ ကွယ်လွန်သဖြင့် ဦးဇော်လင်းသန်း ၁၂/ဥကတ(နိုင်)၀၄၀၀၀၈၊ ဦးဇော်မင်းသန်း ၁၂/ဒဂန(နိုင်)၀၂၆၈၀၃၊ ဒေါ်သီတာသန်း ၁၂/ဒဂန(နိုင်)၀၃၂၅၄၆၊ ဦးဇော်ဝင်းသန်း ၁၂/ဗဟန(နိုင်)၀၄၅၉၅၃၊ဦးဇော်သင်းသန်း ၁၂/ဒဂန(နိုင်)၀၂၀၁၉၉ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ စွန့်လွှတ်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုသစ္စာ ➢ ရေးသားသည်

ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် Labor Day ဇာတ်ကားသစ်ရိုက်ကူး

လော့စ်အိန်ဂျလိစ် ဇွန် ၃၀



ဟောလိဝုဒ် ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်**(ယာပုံ)**ဟာ Labor Day အမည်ရှိတဲ့ ဇာတ်ကားသစ်ရဲ့ ဇာတ်ဝင်ခန်းတွေကို လော့စ်အိန်ဂျလိစ်မြို့မှာ ရိုက်ကူးနေပြီ ဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ဒီနှစ်မကုန်ခင်မှာ အပြီးရိုက်ကူးမှာဖြစ်တယ်လို့ ကိတ်ဝင်းစလက်က ပြောကြားနေသည်။

အသက် ၃၆ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ ဒီဇာတ်ကားမှာ အဒီလီ အမည်ရှိတဲ့ အမျိုးသမီးရဲ့ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဒရာမာဇာတ်ကားအဖြစ် ရိုက်ကူးနေတာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ၂၀၁၃ ခုနှစ်မှာ ရုံတင်ပြသဖို့ စီစဉ်နေပြီး သူကိုယ်တိုင်နှစ်သက်တဲ့ ဇာတ်လမ်းဖြစ်တယ်လို့လည်း ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က ပြောကြားနေပါတယ်။ ဒါ့အပြင် ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ Movie - 43 အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်မှာလည်း တစ်ပြိုင်တည်း ပါဝင်သရုပ်ဆောင်နေပါတယ်။ ဒီဇာတ်ကားမှာတော့ ဂျူလီယက်ဟူလ်မီ အမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ထားတာဖြစ်ပြီး လှပတဲ့အနုပညာရှင်တစ်ဦးရဲ့ အဖြစ်အပျက်တွေကို ဇာတ်လမ်းရေးဖွဲ့ ရိုက်ကူးနေတာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ လောလောဆယ်မှာ အနုပညာလုပ်ငန်းတွေကို သရုပ်ဆောင်တစ်ဦးအနေနဲ့ လုပ်ကိုင်နေပေမယ့် ဒါရိုက်တာတစ်ဦးအဖြစ်နဲ့လည်း လုပ်ကိုင်လိုတဲ့ ဆန္ဒရှိနေပါတယ်။ ၂၀၁၂ ခုနှစ်ကုန်မှာ သူမပါဝင်သရုပ်ဆောင်မယ့် ဇာတ်ကားသစ်တစ်ကားကို ကိတ်ဝင်းစလက် ကိုယ်တိုင်ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်မှာဖြစ်ပါတယ်။အိမ်ထောင်ရေးကံမကောင်းဘဲ ၂၀၁၁ ခုနှစ်ကုန်က ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲခဲ့တဲ့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ လက်ရှိမှာ ဘယ်သူနဲ့မှမတွဲဘဲ ရုပ်ရှင်ကားသစ်တွေ ဆက်တိုက်ရိုက်ကူးနေသူလည်း ဖြစ်ပါတယ်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသားလီယိုနာဒိုချစ်သူသစ်တွဲနေပြီလား

လော့စ်အိန်ဂျလိစ် ဇွန် ၃၀

*ကမ္ဘာကျော်ရုပ်ရှင်မင်းသား လီယိုနာဒိုဟာ ရုပ်ရှင်မင်းသမီး အမ်မာစတုန်း **(ဝဲပုံ)**နဲ့ တွဲနေတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာပါတယ်။ အဲဒီသတင်းတွေနဲ့ပတ်သက်ပြီး ရုပ်ရှင်မင်းသမီး အမ်မာစတုန်းက လီယိုနာဒိုဟာ သူမရဲ့ အနှစ်သက်ဆုံး ရုပ်ရှင်မင်းသားတစ်ဦးဖြစ်တယ်လို့ လော့စ်အိန်ဂျလိစ်မြို့မှာ ဇွန် ၂၉ ရက်က သတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အခါ ပြောကြားသွားပါတယ်။အသက် ၃၈ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသား လီယိုနာဒိုဟာ ဟောလိဝုဒ်အမျိုးသမီး အနုပညာရှင်တွေကြားမှာတော့ စိတ်ဝင်စားခြင်းခံရတဲ့ ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်ပါတယ်။ သတင်းထောက်တွေက ရုပ်ရှင်မင်းသားလီယိုနာဒိုကို မေးမြန်းတဲ့အခါ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘာစကားမှတုံ့ပြန်ပြောကြားခြင်းမရှိဘူးလို့ ဆိုပါတယ်။ အသက် ၂၃ နှစ် အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး အမ်မာစတုန်းဟာ လောလောဆယ်မှာ ရုပ်ရှင်မင်းသား အင်ဒရူးဂါဖီးလ်နဲ့ တွဲနေသူဖြစ်တာမို့ ပရိသတ်တွေကစိတ်ဝင်စားနေတာလည်းဖြစ်ပါတယ်။ ရုပ်ရှင်မင်းသားအင်ဒရူးဂါဖီးလ်ဟာSpider-Man ဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင်တစ်ဦးအနေနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါရိုက်တာဆမ်မင်းဒက်စ်ဟာ ရုပ်ရှင်မင်းသားလီယိုနာဒိုနဲ့ ရုပ်ရှင်ကားသစ်ကြီးတစ်ကား ရိုက်ကူးဖို့စီစဉ်နေပါတယ်။ အဲဒီဇာတ်ကားရဲ့ အမည်ကိုတော့ လောလောဆယ် ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေမယ့် မကြာခင် ထုတ်ဖော်ပြောကြားသွားမယ်လို့ ဒါရိုက်တာဆမ်မင်းဒက်စ်က ပြောကြားပါတယ်။* ***(အင်တာနက်)***

မွေးနေ့ဆုတောင်း

ချစ်ပါကြီး **ဦးတင်ထွန်း** ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လမ်းအထူးအဖွဲ့(၇)၊ ပြည်မြို့နှင့် ချစ်သမီး **ဒေါက်တာပန်းအိနှင်းဆီ** Warrington Hospital (UK) တို့၏ ဝါဆိုလဆန်း ၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်သော မွေးနေ့များစွာဆီသို့-

ချစ်မေကြီး - ဒေါ်ခင်ဝင်းသော် အထက်တန်းပြ(ငြိမ်း)
ချစ်သားလေး - ဒေါက်တာဟန်သော်ထွန်း (အလုပ်သင်ဆရာဝန်)

မွေးနေ့ဆုတောင်း

ဖေဖေ ဦးသူစစ်အောင်၊ မေမေ ဒေါ်သဲသန္တာမောင်မောင်တို့၏ တစ်ဦးတည်းသောသားလေး **မောင်ဟိန်းစစ်အောင်(သဲတုန်တုန်)**၏ ၁-၇-၂၀၁၂ ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ချစ်သောမိသားစုနှင့်အတူ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်ပါစေ-

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားနှင့်
ဘဘကြီး - ဗိုလ်မှူးဇာနည်မောင်မောင်-ဒေါ်လှဲ့လှဲ့ဝင်း
ဘဘ - ဗိုလ်ကြီးဖေယျာမောင်မောင်
ကြီးကြီး - ဦးကျော်စွာရဲ-ဒေါ်အိရွှေစင်မောင်မောင်
ဦးဦး - ဦးသူရန်ငြိမ်း
ဦးလေး - ဗိုလ်လောင်းအေးချမ်းမောင်မောင်
မမ - မေမြတ်နိုးရွှေစင်မောင်
ညီညီ - သူရိယဇာနည်မောင်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးဝေလင်း)လက်ထောက်ညွှန်ကြားရေးမှူး တိုင်းသ/မ(ငြိမ်း)-ဒေါ်လွှမ်းကြည်တို့၏ သားထွေး
မောင်ကျော်ကျော်လင်း(ခ)ကိုစု (B.C.Tech)Q
Assistant Manager, ND-003 (တောင်ဥက္ကလာပ)
New Day Energy Co., Ltd.
နှင့်
ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးခင်မောင်ဆင့်(ငြိမ်း)-ဒေါ်နီလာဦးတို့၏ သမီးကြီး
မသက်ထားဆင့်(ခ)ဖြိုးဖြိုး (B.C.Sc)
Finance Admin Assistant
(International Federation of Red Cross and Red Crescent Societies, Myanmar Delegation)

တို့၏ ၂၀-၆-၂၀၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပညာရွှေအိုးရုံးခန်းမတွင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးဒေါ်ခင်မြတ်တာနှင့် တက်ရောက်ချီးမြှင့်ကြပါသော နှစ်ဖက်မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၄-၆-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် မင်းကွန်းတိပိဋကနိကာယ ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆရာသမားများ၊ စစ်ဘက်နယ်ဘက်၊ အရပ်ဘက်အသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ အကြောင်းအမျိုးမျိုးကြောင့် မင်္ဂလာအခမ်းအနားသို့ မတက်ရောက်နိုင်ကြသော သူငယ်ချင်း၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ကျော်ကျော်လင်း-မသက်ထားဆင့်

ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်

မုဒိတာကွန်ဒို တိုက်ခန်း(၃)ခန်း အမြန်ရောင်းရန်ရှိသည်။
(ပိုင်ရှင် ကိုယ်တိုင်)
ဖုန်း-၀၉-၅၁၈၆၉၉၅
၀၉-၅၀၁၃၉၁၆

ကြည်စိုး I.C

အချစ်ရေးနှင့် အိမ်ထောင်ရေး သီးသန့်ဟောသည်။
ဖုန်းထဲကဗေဒင်ဆရာ
ဖုန်း-၀၉-၇၃၁၂၈၅၄၅
နံနက်-၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ
ည-၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅E၊ မြေကွက်အမှတ် ၄၅E/ ၁၃·C၊မြေကွက်တည်နေရာအမှတ်-၄၅၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးအုန်းမောင် အမည်ပေါက်ဓားမဦးကျမြေပိုင်မြေအား အမည်ပေါက် ဖခင် ဦးအုန်းမောင်၁၂/ဗဟန(နိုင်)၀၃၁၇၁၂ နှင့် ဇနီး ဒေါ်လှရင်၊ သားများဖြစ်သော ဦးချစ်ဦး လူမှုကြီးဘဝဖြင့်(ကွယ်လွန်)၊ ဦးလှမြင့် လူမှုကြီးဘဝဖြင့်(ကွယ်လွန်)၍ (၁)ဒေါ်သန်းအေး၁၂/ဗဟန(နိုင်)၀၃၂၂၁၀၊ (၂)ဒေါ်မြင့်မြင့်သန်း ၁၂/ဗဟန(နိုင်)၀၃၁၆၈၈၊ (၃) ဒေါ်ကြည်ကြည်စန်း ၁၂/ဗဟန(နိုင်)၀၃၂၃၈၁ တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိခင်မြေက ပေးတဲ့အမွေစစ်

[illegible]

ထပ်ဆောင်းထောက်ခံအပ်ပါသည်

[illegible]

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ
ဦးမြသောင်း-(ဒေါ်အေးညွန့်)တို့၏သား၊
ဦးကျော်ကျော်ဦး(MD, Kyaw San Co., Ltd.)-ဒေါ်အိအိစံ (Director, Kyaw San Co., Ltd.)
တို့၏ ညီ/သား
မောင်ကျော်ကျော်မိုး (B.Sc, Physics)
Managing Director, UMG Loyalty Oil & Gas Pte Ltd., Singapore
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးမောင်မောင် A.E (Electrical) မလွန်တံတား(ပဆင)-ဒေါ်စီစီဌေး ဆ/ဦ(အထူး-၂)ရန်ကုန်
တို့၏ သမီး
ဒေါက်တာကျော့ကေခိုင် M.B.,B.S(Yangon)
DTM & H(Bangkok), MRCP Part I (UK), Medical Officer,
University Malaysia Perlic, Malaysia

တို့၏ ၁၄-၆-၂၀၁၂ ရက် Sedona Hotel(Mindon Hall)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ဦးကျော်မိုးနိုင်(ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်)၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဦးဇော်ထွန်းလွင်(ဒု-ရေကြောင်းဌာနမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)နှင့်ဇနီး ဒေါ်ဝင်းပပကျော် (MD၊ မြပုဏ္ဏမီကုမ္ပဏီလီမိတက်)၊ ဦးဟန်ဇော် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပဆင)နှင့် ဇနီး ဒေါ်သွင်သွင်အေးမိ (ဒု-အင်ဂျင်နီယာမှူးကြီး၊ ဗိသုကာ၊ ငြိမ်း၊ ပဆင)၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးဇော်မြင့်ဖေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) နှင့်ဇနီး ဒေါက်တာဒေါ်မေခင်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးညွှန့်မောင်စန်း (အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ပဆင)နှင့်ဇနီး ဒေါ်ထိပ်တင်စိုး(ဒု-အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ပဆင)၊ ကြွရောက်ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၏ဇနီး ဒေါ်ဝေဝေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)နှင့် အင်ဂျင်နီယာချုပ်များ၊ ဆရာဝန်များ၊ အကြီးအကဲနှင့် အရာထမ်းများ၊ သူငယ်ချင်းများ၊ နှစ်ဖက်သော ဆွေမျိုးအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မရွှန်းလဲ့ရွှေရည်ဝင်း၊ မင်္ဂလာလက်ထပ်စာချုပ်ဗန်း ကိုင်ဆောင်ပေးပါသော မထက်အိရွှေရည်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကလပ်ကိုင်ဆောင်ပေးပါသော မအိမ့်ကြယ်စင်လင်းလက်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မစုလှိုင်နှင်းနှင့် ဆွေမျိုးအကြီးအကဲများ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော စန္ဒရားသိန်းမြင့်သန်း၊ ဟေမာနေဝင်းနှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မမီးနှင့် မစန်း (Royal Costume)၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော သဇင်ရတနာ(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊

၁၆-၆-၂၀၁၂ရက်တွင် မင်းကွန်းတိပိဋကနိကာယကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာဦးတရားဟောကြားချီးမြှင့်ပေးပါသော ဆရာတော်အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ၊ ဦးဇော်မြင့်ဖေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)နှင့်ဇနီး ဒေါက်တာဒေါ်မေခင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)နှင့် အင်ဂျင်နီယာချုပ်များ၊ ဆရာဝန်များ၊ အကြီးအကဲနှင့် အရာထမ်းများ၊ သူငယ်ချင်းများ၊ နိုင်ငံခြားကုမ္ပဏီများမှ မိတ်ဆွေများ၊ နှစ်ဖက်သောဆွေမျိုး အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများ၊ ဓာတ်ပုံနှင့်ဗီဒီယို Photo Magic ဓာတ်ပုံဗီဒီယိုရိုက်ကူးရေးအဖွဲ့၊ မင်းကွန်းတိပိဋကနိကာယ ကျောင်းတော်ကြီးမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊

၁၆-၆-၂၀၁၂ ရက်ည Inya Lake Hotel (Ball Room)၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်သည့် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ လျှောက်လှမ်းပေးကြပါသော မအိမ့်ကြယ်စင်လင်းလက်၊ မရွှန်းလဲ့ရွှေရည်ဝင်း၊ မထက်အိရွှေရည်ဝင်းနှင့် ဆွေမျိုးအကြီးအကဲများ၊ တေးဂီတ The Aces နှင့် တေးသံရှင်များ၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ Inya Lake Hotel မှ မန်နေဂျာများနှင့် ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ကျော်မိုး-ဒေါက်တာကျော့ကေခိုင်



အမည်မှန်

ဦးဌေးအောင်၏သား မန္တလေးမြို့၊ အလက(၂) အဌမတန်းမှ မောင်ကျော်ဇင်ဝင်း၏ အမည်မှန်မှာ မောင်ကျော်ဇင် ၉/ မဟမ(နိုင်)၀၅၃၄၈၇ ဖြစ်ပါသည်။ **မောင်ကျော်ဇင်**

ဥတုရာသီ တောကိုမှီ၏

နှစ်(၂၀)ပြည့် (ကြွေရတု)မင်္ဂလာဆုတောင်းလွှာ

မောင်နှမအရင်းသဖွယ် ခင်မင်လေးစားရပါသော အစ်ကို ကိုစိုးမြင့်-အစ်မ မသဇင်လှိုင်တို့၏ ၁-၇-၂၀၁၂ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် (ကြွေရတု)မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ပျော်ရွှင်ဖွယ် မင်္ဂလာနှစ်ပေါင်းများစွာ ဖြတ်သန်းနိုင်ပါစေ-

ကိုသန်းဇော်မျိုး -မနီလာစိုး
သမီး-မစုစုစံ၊ သား-မောင်သစ်လင်းသန့်

မွေးနေ့ဆုမွန်ကောင်းတောင်းလွှာ

ဖေဖေ၊မေမေတို့၏ ရင်နှစ်သည်းချာ သားဦးရတနာလေး မောင်သော်ဇင်နိုင် (ခ) တုန်ဆွဲ ၁-၇-၂၀၁၂ရက်တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရှည်ကျန်းမာပြီး ထူးချွန်ထက်မြက်သော သားကောင်း၊ သားမြတ်၊ သားရတနာ တစ်ယောက်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ၊ ချစ်မေမေ - **ဗိုလ်မှူးနိုင်ဝင်းဌေး-ဒေါက်တာ ဇင်မာလွင်**
ဦးဦး၊ အန်တီ - **ဗိုလ်မှူးလှိုင်အောင်မင်း-ဒေါ်ခင်မျိုးမျိုးလွင်**
ကိုကို - **မင်းပြည်သာ**
တီတီ - **သဲဖြူအေး**

ယုံကြည်အားထား မြန်မာ့ဟိုတယ်နှင့်ခရီးသွား

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့်-၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့်-၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်
၆။	ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (ဘဏ္ဍာရေး) (အခန်းဌာန) (အစားအစာနှင့် အဖျော်ယမကာဌာန) (အဆင့်-၂)	-စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင် ပညာအခြေခံကျွမ်းကျင်သူ -ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီး ဘွဲ့ရသူ (သို့မဟုတ်) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိ ဘွဲ့ရရှိသူဖြစ်ရပါမည်။

သင်တန်းကာလ -၉-၇-၂၀၁၂ ရက်မှ ၃၁-၈-၂၀၁၂ ရက်အထိ

သင်တန်းဆိုင်ရာ အချက်အလက် ဆက်သွယ်စုံစမ်းရန်-

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၈၃၆

ရန်ကုန်စီးပွားရေးတက္ကသိုလ် ညနေပိုင်းမဟာဘွဲ့ သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်ထမ်းဝင်အရာရှိလုပ်သက် (၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Execuxtive Level လုပ်သက်(၈)နှစ်ရှိရမည်။
(ဃ) ၁-၉-၂၀၁၂ ရက်တွင် အသက်(၃၀) ပြည့်ပြီးသူဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက် စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၉-၇-၂၀၁၂ ရက်မှစတင်ရယူပြီး ၂၇-၇-၂၀၁၂ ရက် (သောကြာနေ့)နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။
(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန(အခန်း၁၁၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၂ခုနှစ် ဩဂုတ်လ ၄ ရက်(စနေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်(EMBA-၆၆၁၇၃၆၊ ၆၆၄၆၈၄၊ ၆၆၀၈၂၂)၊ (EMPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆)၊ (EMDevS-၅၁၀၂၁၃)၊ (ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၅၂၆၆၁၃) တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(စျ)ရပ်ကွက်၊ဘုမ္မာ ၁လမ်း၊အမှတ် ၆၀၀ ဟုခေါ်တွင်သောအကျယ် (၂၀×၆၀)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို လက်ဝယ်ရှိပိုင်ဆိုင်သူ ဦးမြင့်ဌေး ၁၂/ဥကမ(နိုင်) ၀၅၇၀၆၅ထံမှ ကျွန်မ ဒေါ်ဖြူဖြူအောင် ၁၂/ဥကမ(နိုင်) ၀၅၉၀၇၀က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်နိုင်လိုက ကျွန်မထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖြူဖြူအောင်
၁၂/ဥကမ(နိုင်)၀၅၉၀၇၀
အမှတ် ၆၀၉၊ သုမိတ္တာ ၁၆ လမ်း၊
(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၂၄၀၁၃၆

လုပ်ငန်းနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ

ဟောပြောပွဲဖိတ်ကြားလွှာ

Ph: 503715

Gusto - Institute

#332 (D), Pyay Road, Sanchaung Tsp., Yangon.

ဦးအောင်ဝင်း

LCCI Level (1&2), (3)

Aircon

LCCI

Ph: 0951 72096, 0950 47516, 01-375970

Yes!! English School

** Always say Yes!! to English. **

4 skill English classes

★ Basic

★ Elementary

★ Intermediate

★ Advanced

★ IELTS, TOEFL, SAT

Starting On July

Ph : 511778, 09-73033648

EPS-KLT (TOPIK)

EVER TOP

Ph: 0973040610, 098770096

Oasis Journal

01-542180, 09421036363

SH MYINT THU HTET YU

DSA, TA, MA

English 4 Skills

09-73008719

Myanmar Book Centre

(Supplying the World's Knowledge)

New Arrivals!!

Amazing Prices

Yangon

Shop I : No.55, Baho Road, Ahlone Township.

Shop II : No.561-567, Room (3), Ground Floor, MAC Tower I, Kyauktada Township.

Shop III : Room No. (3004), 2nd Floor, Taw Win Centre, Pyay Road, Dagon Township.

Shop IV : Room No. (18), Level-5, Dagon Complex Shopping Mall, Pyay Road, Sanchaung Township.

Mandalay : Room No. 110, Level-3, Yadanapon Diamond Plaza.



၆ . ၇ . ၂၀၁၂ တွင် စတင်ပြသမည့် ဇာတ်ကားများ

Junction Cineplex	Junction Nay Pyi Taw Ph - 067 421 615	Junction Maw Tin Ph - 225 244	Junction Square Ph - 527 055

HAUNTED (3D)

Movie Point Bonus

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ် ၄၀၇ဒီ၊ ဧရိယာ စတုရန်းပေ ၁၂၀၀၊ အမှတ် ၄၀၇ဒီ၊ သန္တာ ဖလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဒေါ်တင်ရွှေအမည်ပေါက် နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသူများထံသို့ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ယူဆသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာဝင်း (LL.B) (စဥ်-၃၀၈၂၆)

အထက်တန်းရှေ့နေ

အမှတ် ၈၉၇၊ ငုရွှေမြိုင်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၁၈၆၇၊ မြေကွက်တည်နေရာ အမှတ် ၁၈၆၇၊ ၆၉ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးစိန်ထွန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိန်ထွန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ညွန့်ဆွေမှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ ဇီဇဝါဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၀၀၃)၊ ဦးဝင်းအောင် အမည်ပေါက် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်း ပျောက်ဆုံးနေ၍ ဝယ်ယူနေထိုင်သူ ဦးစိုးဟန်မှ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန





ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၃၅ မျိုးဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနအတွက် လိုအပ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၃၅ မျိုးဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၀-၇-၂၀၁၂ ရက်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်သို့လိပ်မူ၍ တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၆၀၄၇၊ ၀၆၇-၄၀၆၀၁၉နှင့် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ ကမ္ဘာအေး၊ ရန်ကုန်မြို့၊ ဦးဇော်ဦး (ဦးစီးအရာရှိ) ဖုန်း-၀၁-၆၆၀၈၃၅တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာပစ္စည်းများ	၅၀ မျိုး
(ခ)	လုပ်ငန်းသုံးပစ္စည်းများ	1 Lot
(ဂ)	တာယာများ	1 Lot
(ဃ)	ဘက်ထရီများ	1 Lot
(င)	လျှပ်စစ်ပစ္စည်းများ	1 Lot
(စ)	ရုပ်သံပစ္စည်းများ	1 Lot
(ဆ)	ဇာတ်ဝင်ခန်းသုံးပစ္စည်းများ(အထည်အလိပ်ပစ္စည်းများ)	1 Lot
(ဇ)	ပန်းချီပန်းပုပစ္စည်းများ	1 Lot
(ဈ)	ဇာတ်စင်သုံး၊ ဆက်တင်၊ ဇာတ်ရုပ်၊ ရုပ်ပြောင်းရုပ်လွှဲဖန်တီးမှုပစ္စည်းများ	1 Lot
(ည)	Spare parts for Computer	
(ဋ)	စက်နှင့်စက်ကိရိယာတန်ဆာပလာပစ္စည်းများ	
	(၁) HD Tripod(အကြီး)(သုံးချောင်းထောက်)	1 No
	(၂) Tripod နှင့် ကင်မရာဆက်သွယ်ပစ္စည်း(အကြီး)	1 No
	(၃) Tripod (အသေး)	5 Nos
	(၄) Tripod နှင့် ကင်မရာဆက်သွယ်ပစ္စည်း(အသေး)	5 Nos
	(၅) Digital Camera	3 Nos
	(၆) DVD	1 No
	(၇) EVD	1 No
	(၈) Two DoorRefrigerator	1 No
	(၉) Breast Mic (or)Collar Mic	5 Nos
(ဌ)	ရုံးသုံးစက်ကိရိယာများ	
	(၁) Magic Colour Printer (Print, Copy, Scan, Fax & Network)	1 No
	(၂) Computer& Accessories (Core i7)	2 Nos
	(၃) Digital Cordless Phone & Extension Phone	1 No
	(၄) Fax Machine	1 No
	(၅) Multi Functions Copier (Copy,Print & Scan)	1 No
(ဍ)	ရုံးသုံးပရိဘောဂပစ္စည်းများ	
	(၁) ပလတ်စတစ်ကုလားထိုင် (လက်တန်းမပါ)	50 Nos
	(၂) Settee(ကျွန်း)	2 Nos
	(၃) Camera Box	5 Nos
	(၄) မီးခံသေတ္တာ	1 No
	(၅) ပန်းပုထုရန်မတ်ရပ်စင်	5 Nos
	(၆) ကွန်ပျူတာတင်စားပွဲနှင့်ထိုင်ခုံ	10 Nos

(၂) တင်ဒါပိတ်ရက် ၉-၇-၂၀၁၂ ရက် ညနေ ၄ နာရီ ရုံးချိန်အတွင်း

(၃) တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၃၀၀၀ (ကျပ်သုံးထောင်)ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ဝယ်ယူနိုင်ပြီး အသေးစိတ်ကို ဖုန်း-၀၁-၅၉၀၂၆၃၊ ၀၁-၅၉၀၂၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြိုးတံတားတစ်စင်းအတွက် Main Cable & Accessories (1)Lot ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၇-၂၀၁၂ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၁၂ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၅:၀၀ နာရီ

၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ၆-၇-၂၀၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ် ၁၁၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၇၆၊ ၄၀၇၀၈၂

လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)၊ (၂)လမ်းနေ (ဦးလှစိန်)-ဒေါ်တင်ရွှေတို့၏သားထွေး

မောင်သိန်းဇော်ထူး(ခ)မောင်သာငွေး
B.A (Myanmar), D/C (M.S.C - ITALY)

နှင့်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မကျည်းကုန်းကွက်သစ်ရပ်နေ ဦးတင်စိုး (ဌာနမှူး၊ သင်တန်း-ငြိမ်း)-ဒေါ်ခင်ဝင်းဆွေတို့၏သမီးထွေး

မနိုင်ဒါလီစိုး B.A (Hons;), M.A (Eng:)
(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ မိတ္ထီလာတက္ကသိုလ်)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၃၀-၆-၂၀၁၂ရက်တွင် လက်ထပ်ပြီးစီးပါကြောင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ညီအစ်ကိုမောင်နှမများ၊မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် သိန်းဇော်ထူး-နိုင်ဒါလီစိုး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြိတ်မြို့နယ်-မြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၃

မအေးအေးချို	နှင့်	၁။ ဦးကြံထွန်း
		၂။ ဒေါ်ဝင်းကြည်
		၃။ မောင်အောင်လင်း(ခ) အောင်သော်သော်ဦး
တရားလို		**တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရေမြစ်ကြီးကျေးရွာနေ (၃)တရားပြိုင် မောင်အောင်လင်း(ခ)မောင်အောင်သော်သော်ဦး (ယခုနေရပ်လိပ်စာမသိ) သူအားသိစေရမည်။

တရားလိုက နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀(ကျပ်သိန်းငါးဆယ်တိတိ) ရလိုမှုစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ငွေဝင်း (မြို့နယ်တရားသူကြီး)
မြိတ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
လှိုင်လင်မြို့နယ်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃

ဦးတင်ရွှေ (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးထင်ဇော်)	နှင့်	ဦးဟာရီးကူးမား
တရားလို		**တရားပြိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂) ရပ်ကွက်၊ အိမ်အမှတ် ၂/၃နေ ဦးဟာရီးကူးမား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်နေ့) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းဖေခိုင်(မြို့နယ်တရားသူကြီး)
လှိုင်လင်မြို့နယ်တရားရုံး

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
(ရန်ကုန်၊ မန္တလေး)
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)၊ ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ပညာသင်နှစ်စတင်သည့်ရက်၌ အသက်(၂၀)ထက်မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ။

(ဃ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့များအပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့်အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

	အထူးပြုဘာသာ	သင်တန်းကာလ	ဘွဲ့အမည်
(က)	ဂီတအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ဂီတ)
(ခ)	သဘင်အထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(သဘင်)
(ဂ)	ပန်းချီအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းချီ)
(ဃ)	ပန်းပုအထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းပု)
(င)	ရုပ်ရှင်နှင့်ပြဇာတ်အထူးပြု	(၄)နှစ်	ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)

[ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်]

၃။ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီခဲ့ပါက ဂုဏ်ထူးတန်းသင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်ရှိပြီး သင်တန်းကာလ(၃)နှစ် ထပ်မံတက်ရောက်၍ ဂုဏ်ထူးတန်းဘွဲ့များအား အပ်နှင်းသွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်။

၅။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် MCC တို့ပူးပေါင်းဖွင့်လှစ်လျက်ရှိသော အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း၌ သင်တန်းကြေး၏ ၅၀ ရာခိုင်နှုန်းကိုသာ ပေးသွင်း၍ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၆။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်းဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ၄ပုံတို့နှင့်ပူးတွဲလျက် **အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေးသို့ တိုက်ရိုက်ပေးပို့ကြရမည်ဖြစ်ပြီး **အောက်တိုဘာ ၂၅ ရက်တွင် လူတွေ့စစ်ဆေးမည်** ဖြစ်ပါသည်။

၈။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တစ်ပါတည်းယူဆောင် လာရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၄သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဇော်ဦး
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

အမည်ပြောင်း

တောင်ကြီးမြို့၊ အောင်သပြေတွဲ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းခမ်းအောင်အား ယနေ့မှစ၍ မနန်းခမ်းကော်ဟုပြောင်းလဲခေါ်ပါရန်။

မနန်းခမ်းကော်

အမည်နှင့်မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ ရွှေမြင့်မိုရ်ဆောင်၊ အမှတ်(၁၁၀)နေ နန်းခံချို၏အမည်မှန်မှာ နန်းဝတ်ရည်ထွန်းဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၁၂-၅-၁၉၈၈ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးမြတ်ထိပ်နိုင်၏သား စည်သူအေးထိပ်အား ခွန်စိုင်းကို ၁၃/လရန(နိုင်)၀၀၀၆၅၅ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ဦးလှမြင့်ဦး၏သား ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊လောဝလေးရွာ အလက၊ သတ္တမတန်းမှ မောင်တေဇာဖြိုးဝေအား မောင်နိုင်ဇော်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်နိုင်ဇော်**

မိဘအမည်မှန်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ ရွှေမြင့်မိုရ်ဆောင်၊ အမှတ်(၁၁၀)နေ နန်းဝတ်ရည်ထွန်း၏မိဘအမည်မှန်မှာ ဦးအောင်ဝင်းနှင့်ဒေါ်နန်းစိန်အောင်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၂၂)ပြန်ကပြေး၊ တက္ကသိုလ်ဝင်တန်းမှ မငုဝေလွင်နှင့်ပုဗ္ဗသီရိမြို့နယ်၊ အလက(၅)၊ဆိတ်နံ့တုန်း၊ သတ္တမတန်းမှ မသီရိချိုတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၉/ပမန(နိုင်)၀၇၅၁၉၆ ဖြစ်ပါကြောင်း။ **ဦးမောင်လွင်**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင် တရားမရုံးတော်၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၁ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၄၅

ဦးစိုင်းထွန်းလှိုင် **နှင့်** ၁။ ဦးမောင်မောင် ၂။ ဒေါ်မာလာမြင့်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

တောင်ကြီးမြို့၊ လမ်းမတော်ရပ်၊ တက်ခေတ်လမ်း၊ အမှတ် ၂၁နေ ဦးမောင်မောင်၊ ဒေါ်မာလာမြင့် (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းထွန်းလှိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လင်းလင်း
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄ နှင့်ဆက်သွယ်သည့်
တရားမဇာရီမှုအမှတ်-၃၈

၁။ ဒေါ်မြသန်း **နှင့်** ဒေါ်အုန်းမေ
၂။ ဒေါ်မြသင်း
၃။ ဒေါ်ခင်သန်း
၄။ ဦးအောင်ကျော်
(၄င်းကိုယ်တိုင်နှင့် ကျန်တရားနိုင်များ၏ ကိုယ်စားလှယ်စာရသူ)
၅။ ဒေါ်ခင်ခင်

ဒီကရီအနိုင်ရသူများ **တရားရှုံး**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၉၉၆ နေ တရားရှုံးဒေါ်အုန်းမေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ ခုနှစ် ဇူလိုင် ၅ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇွန် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန္ဒာမြင့်
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်၅)
လားရှိုးမြို့နယ်တရားမရုံး၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်အေးဥ **နှင့်** ၁။ ဦးကျန်လှ(ခ)စံလှ ၂။ ဒေါ်လောလု

တရားလို **တရားပြိုင်များ**

ဦးကျန်လှ(ခ)စံလှ၊ သီပေါလမ်း၊ နယ်မြေ ၉၊ ရပ်ကွက်(၁)၊ လားရှိုးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်အေးဥက လားရှိုးမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၅/၂၀၁၁အမှုတွင် အမှတ်(၂)တရားပြိုင်မှ ရရှိထားသော ၅-၇-၂၀၁၁ ရက်စွဲပါ ဒီကရီသည် တရားလို(မယား)၏ ဝေစုအတွက် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် မယား၏ဝေစုအခွင့်အရေးအရ ဆက်လက်လက်ရှိထားနေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအေးနိုင်
ဒုတိယမြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး၊ လားရှိုးမြို့

အမည်ပြောင်း

ဦးမြတ်အောင်၏သမီး မြိတ်မြို့၊ အလက(၁)၊ပထမတန်း(B)မှ မချောသစ္စာအား မချောသစ္စာခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မချောသစ္စာခိုင်

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ နဝမတန်း(က)မှမောင်ဝေလုအောင်၊သတ္တမတန်း(E)မှ မနန္ဒာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်လွင် ဖြစ်ပါကြောင်း။

ဦးအောင်ကျော်လွင်
၆/မအရ(နိုင်)၀၂၃၉၇၅

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ သတ္တမတန်း(D)မှ မသဲဆုပိုင်၊ စတုတ္ထတန်း(A)မှ မောင်စိုးသင့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းနိုင်ဖြစ်ပါကြောင်း။

ဦးသန်းဝင်းနိုင်
၆/ကစန(နိုင်)၀၇၅၄၇၉

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ အဋ္ဌမတန်း(H)မှ မောင်ပြည့်ဖြိုးကျော်၊ စတုတ္ထတန်း(D)မှ မောင်ဟိန်းထက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးချိုသန်းဖြစ်ပါကြောင်း။

ဦးချိုသန်း
၆/လလန(နိုင်)၀၇၈၆၇၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂၊ ပေါင်းလောင်း (၂)၊ မြေကွက်/ဦးပိုင်အမှတ် (၅၁၈/၅၁၉)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်မြင့်မြင့်ရွှေ အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဒေါ်မြင့်မြင့်ရွှေ ၅/ကဘလ(နိုင်)၁၄၆၈၇၄ (ဘ) ဦးချစ်အောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်လမ်း၊ မြေကွက်အမှတ် ၁၈၆၀၊ မြေဧရိယာ ၀ဒသမ၀၈၂ဧကရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ခင် အမည်ဖြင့် ချထားပေးသည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးအောင်ခင်က ကွယ်လွန်သွားပြီး ဇနီး ဒေါ်ပျိုအုန်းက အထက်ဖော်ပြပါ မြေကွက်၏ အမည်ပေါက် ပိုင်ရှင်အဖြစ် ပြောင်းလဲပေးရန် လျှောက်ထားလာပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

မကွေးမြို့၊ အလက(၁)၊ ဆားစည့်ကျောင်း၊ ဒုတိယတန်း(B)မှ ဦးစန်းလွင် ၈/ငဖန(နိုင်)၀၂၁၁၉၃၏ သမီး မစုမြတ်နိုးလွင်အား မဇင်မီစန်းလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်မီစန်းလွင်**

အမည်ပြောင်း

မကွေးမြို့၊ အထက (၄)၊ ပဥ္စမတန်း (C) မှ ဦးဇော်လွင် ၈/မကန(နိုင်) ၀၂၂၉၅၄၏သမီး မဆုခိုင်ဝေလွင်အား မအိန္ဒြာလွင်ဟုပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြာလွင်**



ငွေချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(ခ)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၄

မသီတာမြင့် **နှင့်** ကိုစောမောင်(ခ)စောမောင်ဦး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၇လမ်း၊ မြေညီထပ်၊ အမှတ် ၁၃၈ နေ ကိုစောမောင်(ခ)စောမောင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်သီတာမြင့်က လင်မယားကွာရှင်းပြတ်စဲလိုမှု ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၁၁ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ ဦးပိုင်အမှတ် ၇၀ c/၂၊ ဧရိယာ ၀ဒသမ၀၁၂၈ဧကရှိ ဦးကြိုင်ထွန်း-ဒေါ်မေလွင်အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားမြေကွက်အား ဦးကြိုင်ထွန်း-ဒေါ်မေလွင် ၉/ပမန(နိုင်)၀၈၆၈၂၉၊ ၉/ပမန(နိုင်)၀၀၆၀၅၄ (ဘ) ဦးကျော်ညွန့်၊ ဦးထွန်းကြည်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ မြေစာရင်းအကွက်အမှတ် ၉၊ ဦးပိုင်အမှတ် ၂၈၄အမည်ရှိ မြေကွက်ကို ဒေါ်ပြုံးကြည် TGI-၀၀၁၆၉၄အမည်ဖြင့် မြေပေးမိန့်အမှတ်စဉ် ၃၄၅၉အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၅-၃-၁၉၉၃ရက်က ချအပ်ပေးခဲ့ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ဒေါ်ခင်ခင်ဝင်း DKU-၀၀၄၀၇၉က ဒေါ်ပြုံးကြည်ထံမှ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်ခင်ခင်ဝင်းမှ ဒေါ်တင်တင် ၁၂/မဂဒ(နိုင်)၀၈၄၈၂၁ထံသို့ လွှဲပြောင်းရောင်းချမည်ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်လွှဲပြောင်းပေးမှုကို ကန့်ကွက်လိုလျှင် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် LL.B
အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၃)
(၁၈၈/ခ)၊ ရေထွက်ဦးလမ်း၊
ကန်ရှေ့ရပ်၊ တောင်ကြီးမြို့၊
ဖုန်း-၀၉-၄၉၃၅၂၁၇၅

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရာထူး		လစ်လပ်နေရာ
၁။	အမှုဆောင်အရာရှိချုပ်	ကျား/မ ၁ နေရာ
၂။	ဒုတိယအမှုဆောင်အရာရှိချုပ်	ကျား/မ ၁ နေရာ
၃။	အမှုဆောင်အရာရှိ	ကျား/မ ၁ နေရာ
၄။	ဒုတိယအမှုဆောင်အရာရှိ	ကျား/မ ၃ နေရာ
၅။	သုတေသနအရာရှိ	ကျား/မ ၂ နေရာ
၆။	လက်ထောက်သုတေသနအရာရှိ	ကျား/မ ၂ နေရာ
၇။	လက်ထောက်အမှုဆောင်အရာရှိ	ကျား/မ ၂ နေရာ
၈။	ဦးစီးအရာရှိ	ကျား/မ ၆ နေရာ

လျှောက်ထားသူသည်-

(၁) မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဘွဲ့ရရှိသူဖြစ်ရမည်။ အမှတ်စဉ်(၁)မှ (၄)အထိ ရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံများပြားရင့်ကျက်၍ စီမံခန့်ခွဲမှုနှင့်ဆိုင်သော မဟာဘွဲ့/ မဟာဝိဇ္ဇာဘွဲ့/ ဘွဲ့လွန် ဒီပလိုမာလက်မှတ်၊ အင်္ဂလိပ်စာ၊ IR အဓိကဘာသာဖြင့် ဘွဲ့ရသူများကို ဦးစားပေးမည်။ အမှတ်စဉ်(၅)နှင့် (၆)အတွက် MBA, MPA, M.Devs, M.Econ (Eco), M.Econ (Stat)ဘွဲ့ရရှိသူများ၊ အမှတ်စဉ်(၇)နှင့် (၈)အတွက် စီမံခန့်ခွဲမှု၊ လျှပ်စစ်၊ ရေသန့်စသော အဆောက်အအုံထိန်းသိမ်းရေး၊ ခန်းမဝန်ဆောင်မှု၊ IT ကွန်ပျူတာဆိုင်ရာဘွဲ့ (သို့)ဒီပလိုမာရရှိသူများကို ဦးစားပေးမည်။
(၃) အမှတ်စဉ်(၁)မှ (၃)အထိ ရာထူးများအတွက် အသက် ၅၀ထက် မကျော်လွန်သူဖြစ်ရမည်။ ကျန်ရာထူးများအတွက် အသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ရမည်။ထူးခြားသောအရည်အချင်းရှိပါက အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။
(၄) စီမံခန့်ခွဲမှု၊ နိုင်ငံတကာဆက်ဆံရေး၊ ဈေးကွက်သုတေသန၊ ရုံးလုပ်ငန်း၊ အဆောက်အအုံထိန်းသိမ်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုခုနှင့် ပတ်သက်သော လုပ်ငန်းအတွေ့အကြုံသုံးနှစ် အနည်းဆုံးရှိရမည်။
(၅) အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်နိုင်နင်းစွာ ပြောဆိုရေးသားဆက်သွယ်နိုင်သူ ဖြစ်ရမည်။
(၆) အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
(၇) အချိန်ပိုလုပ်ကိုင်ခြင်း၊ ခရီးထွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်။

ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးအချက်အလက်များ၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲ၍ ကြော်ငြာပါရှိပြီး ၁၄ရက်အတွင်း ကုန်သည်/စက်မှုအသင်းချုပ် အမှတ်၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ အထွေထွေအတွင်းရေးမှူး ကုန်သည်/စက်မှုအသင်းချုပ်ထံလိပ်မူ၍ လျှောက်ထားရန် ဖြစ်ပါသည်။

မြတ်ရတနာအခြေခံအဘိဓမ္မာသင်တန်း

ဗိုလ်တထောင်စေတီတော်ရင်ပြင် ၁၅ခန်းတွဲ နောက်ဘက်ရှိ ဗုဒ္ဓဓမ္မစာပေနှစ်ထပ်သင်တန်းဆောင်တွင် ၇-၇-၂၀၁၂ရက် နံနက် ၉နာရီမှစ၍ အပတ်စဉ် စနေနေ့တိုင်း အခြေခံအဘိဓမ္မာပထမဆင့်ကို ဓမ္မဒါနပို့ချမည်ဖြစ်၍ မည်သူမဆိုတက်ရောက်နိုင်ပါသည်။

အမက(၅) မကွေး(ရဲ)ကျောင်း
ဆရာကန်တော့ပွဲ နှိုးဆော်လွှာ

မကွေးမြို့ ရွာသစ်ရပ်ကွက်အတွင်းရှိ အမှတ်(၅)အခြေခံပညာမူလတန်း(ရဲ)ကျောင်း (ယခုအလကခွဲ)တွင် တာဝန်ထမ်းဆောင်သွားခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများကို တပည့်ဟောင်းကျောင်းသူကျောင်းသားများက ပထမအကြိမ် အာစရိယပူဇော်ပွဲအဖြစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါလိပ်စာများအတိုင်း အမြန်ဆုံးဆက်သွယ်စုံစမ်း လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

(ကျင်းပမည့်ရက်အတိအကျကို ထပ်မံဖော်ပြပါမည်။)

မကွေးကျောင်းအုပ်ကြီး(အမက)	ဖုန်း - ၀၆၃-၂၈၂၉၉
	utn.s.p.s.5@gmail.com
မကွေး-ဦးနေဝင်းအောင်	ဖုန်း - ၀၆၃-၂၃၅၁၄
မကွေး-ဒေါ်ခင်ဆွေလွင်	ဖုန်း - ၀၉-၄၃၀၂၆၁၃၉
မကွေး-ဒေါ်အိအိငြိမ်း	ဖုန်း - ၀၉-၅၁၅၃၈၄၄
မကွေး-ဦးအောင်ကျော်မင်း	ဖုန်း - ၀၆၃-၂၅၇၃၂
ပဲခူး-ဦးတိုင်းဗိုလ်	ဖုန်း - ၀၉-၅၃၄၈၀၀၉
နေပြည်တော်-ဒေါက်တာခင်စန်းသူ	ဖုန်း - ၀၉-၄၉၂၉၆၁၉၆
ရန်ကုန်-ဒေါ်ခိုင်ခိုင်မြင့်	ဖုန်း - ၀၉-၅၀၀၀၄၇၉

ဒေါ်နာရှီးနှင့် သက်ဆိုင်သူများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးယုဝေ ၁၃/ကတန(နိုင်)၀၇၀၈၀၁၏ ညွှန်ကြားချက်အရ ဒေါ်နာရှီးနှင့် သက်ဆိုင်သူများသိစေအပ်ပါသည်။

ဦးယုဝေ၏ဇနီးဒေါ်နာရှီးသည် ဇနီးတို့ပြုသင့်ပြုအပ်သော ကျင့်ဝတ်နှင့်မညီညွတ်၍ ခင်ပွန်းအပေါ် မယားဝတ္တရားကျေပွန်ခြင်းလည်းမရှိပါ။ ၎င်း၏သားသမီးများဖြစ်ကြသည့် မောင်ထွန်းနိုင်၊ မောင်ပြည့်ဖြိုးပိုင်၊ မလင်းလင်းထွန်းတို့ကလည်း ဖခင်အရင်းကို ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့ပါသည်။ ယနေ့ ၂၇-၆-၂၀၁၂ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ထို့ကြောင့် ယခုနေထိုင်လျက်ရှိသော အကွက်အမှတ်၄၄၊ ဦးပိုင်အမှတ် ၉၆၊ ဧရိယာ ၀ ဒသမ ၁၈၀ဧကရှိအိမ်အမှတ် ၅၄၊ ရဲမင်းကြီးလမ်း၊ စွန်မွန်းကုန်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့သည် ဦးယုဝေ၏မိခင် ဒေါ်နာလောအမည်ပေါက်ပိုင်ဆိုင်သဖြင့် ဒေါ်နာလော၏သားသမီးများဖြစ်ကြသည့် (၁)ဒေါ်နန်းခင်စိန်၊ (၂)ဒေါ်နန်းမီးမီး၊(၃) ဦးယုဝေ၊ (၄) ဒေါ်နန်းရှီးအေနှင့် (၅) ဒေါ်နန်းရှီးမွေတို့နှင့်သာသက်ဆိုင်ပြီး ဒေါ်နာရှီးအပါအဝင် သားသမီးများနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါ။

ဦးယုဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းမွန်းတွီ အထက်တန်းရှေ့နေ(စဉ်-၂၉၆၇၅)
အမှတ် ၄၃၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၉-၅၂၅၂၂၈၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၇၀၃၄၀၊ Honda Dream C 100 P ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆိုင်(ခ)ယေရှဲ ၁၃/ကတန(နိုင်)၀၇၆၂၇၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန (ခရိုင်ရုံး)၊ တာချီလိတ်**

မိုးရာသီအထူး Promotion အနေဖြင့် AIR-CON GOOD SECOND များကို 1HP 95000Ks, 1.5HP-115000Ks, 2HP-135000Ks ကျပ်တိတိဖြင့် 6Months Warranty ပေးပြီး တာဝန်ယူတပ်ဆင်ပေးနေပါသည်။
ဖုန်း-၀၉-၄၉၃၁၆၁၄၀၊ ၀၉-၇၃၁၈၇၃၇၅၊ ၀၁-၇၀၆၃၅၆၊ ၀၁-၅၄၁၀၉၅

ကန့်ကွက်နိုင်ပါကြောင်း

